# လီဆူတိုင်းရင်းသားများအကြောင်း

လီဆူအမျိုးသားများသည် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားမျိုးနွယ် (၁၃၅)မျိုးထဲတွင် ပါဝင်သော လူမျိုးတစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် လီဆူလူမျိုးဦးရေ (၅)သိန်းခန့်ရှိပြီး သမိုင်းနောက်ခံစကား၊ စာပေနှင့်ယဉ်ကျေးမှုအပါအဝင် ထိုင်း၊ တရုတ်၊ အိန္ဒိယနှင့် အခြားသော ကမ္ဘာ့နိုင်ငံအသီးသီးတွင် ပျံ့နှံ့နေထိုင်လျက်ရှိသည်။ လီဆူလူမျိုးများ၏ အရေးပါဆုံး လက်နက်မှာ ဒူးလေးဖြစ်သည်။ လီဆူလူမျိုးတို့၏ ဝတ်စားဆင်ယင်ပုံမှာ နေရာဒေသအလိုက် ကွဲပြားခြားမှုရှိသော်လည်း အခြေခံအားဖြင့် မြစ်ကြီးနားဝတ်စုံ၊ ပူတာအိုဝတ်စုံ၊ ဇန်းမော်လီဆူဝတ်စုံ၊ ရှမ်းပြည်နယ်မြောက်ပိုင်း လီဆူဝတ်စုံတို့သာ ရှိသည်။

လီဆူလူမျိုးတို့နေထိုင်ရာ တောင်ပေါ်ဒေသများ၏ ချမ်းအေးသော ရာသီဥတုကြောင့်လည်းကောင်း၊ မတ်စောက်သောမြေပြင် အနေအထားကြောင့်လည်းကောင်း၊ ရေဖြင့်စိုက်ပျိုးသော နည်းကိုအသုံးပြုခြင်း မရှိသလောက်နည်းပါးသည်။ မြေတစ်ကွက် အား (၁၀)နှစ်မှ (၂၀)နှစ် အတွင်းတစ်ကြိမ်လှည့်လည်ပြောင်းရွှေ့ကာ အသုံးပြုရသော တောင်ယာစိုက်ပျိုးနည်းကိုသာ အားလုံးလိုလို လုပ်ကိုင်ကြသည်။ လီဆူလူမျိုးများသည် အဓိကအားဖြင့် ဆန်စပါးကို စိုက်ပျိုး

ကြပြီး ပြောင်း၊ လူး၊ ဆပ်နှင့် ပဲသီးများကိုလည်း စိုက်ပျိုး စားသောက်ကြသည်။ အထက်ပါ အသီးအနှံများအပြင် လီဆူလူမျိုးတို့သည် “လာဂျစ်” ခေါ် ဂုံလျှော်ကြမ်းတစ်မျိုးကို စိုက်ပျိုးကာ ထိုဂုံလျှော်မှ အကျီချုပ်ရန် အဝတ်အထည်စ များကို အိမ်တွင်းရက်ကန်းများတွင် ရက်လုပ်ကြလေသည်။ လီဆူလူမျိုးတို့မှာ အထူးပင် တောလိုက် ကျွမ်းကျင်သူများ ဖြစ်ကြသည်။



လီဆူလူမျိုးတို့၏ လက်ထပ်မင်္ဂလာပြုခြင်း ဓလေ့မှာ လီဆူယောကျ်ားလေး တစ်ယောက်သည် မိန်းကလေး တစ်ယောက်အား သဘောကျခဲ့လျှင် ကြားမှ အောင်သွယ်တော် တစ်ဦးအား မိန်းကလေးမိဘထံ စေလွှတ်စေ့စပ်ခိုင်းရလေသည်။ တစ်ဖက်မှ သဘောတူခဲ့လျှင် တင်တောင်းရမည့်ပစ္စည်း အရေအတွက်နှင့် တင်တောင်းရမည့် ပစ္စည်းအချို့ကို စရံအဖြစ် ကြိုပေးထားရသည်။ လက်ထပ်မင်္ဂလာပွဲကို သတို့သားဘက်မှ မိဘများ ပိုက်ဆံရှင်သော အချိန်တွင် ကျင်းပလေ့ရှိသည်။ လက်ထပ်ပြီးသောအခါ မိန်းကလေးသည် လင်ယောကျ်ားအိမ်၌ သားဦးမွေးဖွားသည့် အချိန်အထိ လိုက်၍နေရလေသည်။ သားဦးမွေးပြီးမှသာ အိမ်သစ်ဆောက်၍ တစ်အိုးတစ်အိမ် ထူထောင်ရလေသည်။ လီဆူလူမျိုးတို့၏ လက်ထပ်မင်္ဂလာပြုခြင်း ဓလေ့ထုံးစံတို့မှာလည်း ဒေသ အလိုက်ကွဲပြား၍ သွားတတ်လေသည်။ ရှေးယခင်က လီဆူလူမျိုးအများစုမှာ နတ်ကိုးကွယ်သူများ ဖြစ်ကြသည်။ သို့သော်နတ်ကိုးကွယ်မှုမှာ ကြီးကြီးကျယ်ကျယ် မဟုတ်သလို နတ်များလည်းဦးရေ မများပေ။ ရွာပြင်များတွင်လည်း နတ်စင်များ ဆောက်လေ့မရှိပါ။ ဝါးကွပ်ပျစ်ကလေးများ ဆောက်၍သာ ယဇ်ပူဇော်လေ့ရှိသည်။ ယခုအချိန်တွင် ခရစ်ယာန်ဘာသာဝင်အဖြစ် အများစုပြောင်းလဲကိုးကွယ်လာ ကြပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်မှုများလည်း ရှိကြသည်။



လီဆူလူမျိုးတို့သည် တစ်ဦးနှင့်တစ်ဦးချစ်ခင်ရင်းနှီးသည့်သဘောနှင့် ပါးစပ်ချင်းတေ့ကာ ခွက်တစ်ခွက် တည်းတွင် အရက်သောက်သည့် ထုံးစံတစ်ခုရှိသည်။ မိန်းမချင်း၊ ယောကျ်ားချင်းများသာမက မိန်းကလေးနှင့် ယောကျ်ားလေးလည်း တစ်ဦးကိုတစ်ဦး ရင်းနှီးသော သဘောနှင့် ဤကဲ့သို့ ပါးစပ်ချင်းတေ့ကာ တစ်ခွက်တည်းမှ အရက်သောက်လေ့ရှိကြသည်။ ဤထုံးစံကို "ချစ်သောက်ပွဲ" (Drink Of Love) ဟူ၍ ခေါ်ဝေါ်နိုင်သည်။ သို့သော်ယခုချိန်တွင်

ခရစ်ယာန်ဘာသာဝင် လီဆူလူမျိုးများသည် အရက်သောက်ခြင်းမှ ရှောင်လာကြသည်ကို တွေ့ရသည်။

လီဆူလူမျိုးတို့တွင် ကြိုးဖြင့်တပ်၍ တီးမှုတ်ရသည့် တူရိယာဖြစ်သည့် မယ်ဒလင်သဏ္ဍာန်တူသော တူရိယာတစ်မျိုးရှိသည်။ လီဆူဘာသာဖြင့် "ကြည်ဖွဲ"ဟုခေါ်သည်။ ၎င်းတူရိယာအပြင် လီဆူတို့အသုံးပြုသော တူရိယာများမှာ "မောင်း"ခေါ် (ပါးစပ်ဖြင့်ကိုက်၍ တီးမှုတ်ရသော တူရိယာတစ်မျိုး)၊ "ကြွေလီ"ခေါ် ပုလွေရှည်နှင့် ထူလီထူဟုခေါ်သောပုလွေတို့ဖြစ်ကြသည်။ အထက်ပါ တူရိယာများကို တီးမှုတ်ရင်း ယောကျ်ား၊ မိန်းမ မျက်နှာချင်းဆိုင်၍ တန်းစီကာ တီးကွက်အလိုက် ခြေပြောင်း၍ ကကြရသည်။ ယင်းအကကို လီဆူဘာသာဖြင့် "ချဲငိုချဲ"အကဟုခေါ်သည်။ ၎င်း "ချဲငိုချဲ" အကမှာ လီဆူတို့၏ တိုင်းရင်းသားအကဖြစ်ပြီး လီဆူလူမျိုးတို့ အများစုရှိသော နေရာတိုင်းတွင် "ကြည်ဖွဲ" မယ်ဒလင်သံ တဒန်ဒန်နှင့် ကလေ့ရှိသည်။ ထိုအကတွင် ကကွက်အမျိုးပေါင်း (၅၀)ခန့်ရှိသည်။ ထိုအကကို လက်ထပ်မင်္ဂလာပွဲ၊ ရိုးရာပွဲတော်များ ပျော်ပွဲရွှင်ပွဲများ ကျင်းပသောအခါ၌ ကလေ့ရှိသည်။ ဤအကများအပြင် လီဆူမိန်းမနှင့် ယောကျ်ား တစ်ဦးနှင့်တစ်ဦး စကားထာဝှက်၍ သီဆိုလေ့ရှိကြသော သီချင်းကြီးများလည်း ရှိကြသည်။ အထက်

ဖော်ပြပါကြိုးတပ်နှင့် ပါးစပ်မှုတ်တူရိယာများကို အသုံးပြု၍ တီးမှုတ်လေ့ရှိကြသဖြင့် ၎င်းတူရိယာတို့၏တေးသံများမှာ သာယာနာပျော်ဖွယ်ရှိသည်။

"အားမိုးဂျီ"ပုလွေတူရိယာသည် လီဆူရိုးရာတူရိယာ တစ်ခုတွင်ပါဝင်သည်။ အားမိုးဂျီ ပုလွေကို "ဘူးသီး၊ ဝါး၊ ပျားဖယောင်း၊ ပြောင်းဆံရိုး၊ အပ်ချည်ကြိုးနှင့် ကြေးပြားများ" ဖြင့်ပြုလုပ်ထားပါသည်။ ဘူးသီး အကြီး၊ အသေးအပေါ် ကွဲ၍ အသံကွဲပြားသည်။ အားမိုးဂျီပုလွေကို မှုတ်ပြီး စည်းချက်ညီညီ လီဆူရိုးရာအကဖြစ်သည့် "ကွာချဲ" အကဖြင့် နှစ်သစ်ကူးပွဲတော်၊ အိမ်သစ်တက်ပွဲ၊ မင်္ဂလာ ဆောင်ပွဲများ တွင်လည်း ဝိုင်းဖွဲ့ကာ တူစုံကသည့်နေရာတွင် အသုံးပြုကြ သည်။

လီဆူလူမျိုးတို့သည် ကလေးကင်ပွန်းတပ်ခြင်းနှင့် ပတ်သက်၍ မိမိနေသော နေရာဒေသအလိုက် အနည်းငယ်စီ ကွဲပြားသော ဓလေ့လည်းရှိသည်။ လီဆူလူမျိုးများ၌ ကြီးစဉ် ငယ်လိုက် ကလေးအား နာမည်ပေးသော ဓလေ့ရှိသည်။ ထို့ကြောင့် ထိုနာမည်ကိုထောက်၍ ထိုသားနှင့်သမီးသည် ပထမသား/ သမီးလော၊ ဒုတိယသား/သမီးလော သိရှိနိုင် သည်။



ရှေးအခါကတည်းက လီဆူလူမျိုးများသည် ကျေးရွာတည်ဆောက်မည်ဆိုပါက နေရောင်ခြည်ကောင်းစွာ ရရှိနိုင်သောနေရာ၊ ရေကောင်းရေသန့်၊ စိမ့်ရေ၊ စမ်းရေပေါများသော

ဒေသများကိုသာ ရွေးချယ်ပြီး ရွာတည်လေ့ရှိသည်။ ရွှံ့ဗွက်ထူသော နေရာများတွင် ရွာတည်လေ့မရှိပေ။



အဖျားအနာထူမည်၊ အသေအပျောက်များမည်ဟူသော အယူအဆရှိသည်။ ထို့ကြောင့် လီဆူလူမျိုးများသည် ရှေးယခင်က အလွန်မြင့်သောတောင်ထိပ်၊ တောင်စွယ်များတွင်သာ ရွာတည်လေ့ရှိကြသည်။

လီဆူတို့သည် စာပေမရှိစဉ်ကတည်းက ရာဇဝင် တစ်လျှောက် သမိုင်းနှင့်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအမွေ အနှစ်များကို မျိုးဆက်တစ်ခုမှ တစ်ခုသို့ နှုတ်တိုက် လက်ဆင့်ကမ်း ဆက်လက်ထိန်းသိမ်း လာခဲ့ကြသည်။ ယခုအခါ ထိုရာဇဝင်သမိုင်းနှင့် ယဉ်ကျေးမှုဓလေ့များကို စာတစ်စောင် ပေတစ်ဖွဲ့အဖြစ် မှတ်တမ်းတင် ထိန်းသိမ်းရန် လိုအပ်သည်ဟု လီဆူလူမျိုးများအားလုံး တူညီသဘော ထားရှိခဲ့ကြသည်။

# ကယားတိုင်းရင်းသားတို့၏ "ကေကရဲဒါး"
# (ခေါ်)ငှက်လိုက်ပွဲတော်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စုများသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ဓလေ့ထုံးတမ်း အစဉ်အလာများကို ရာသီအလိုက်ပွဲတော်များ အသီးသီး ကျင်းပလေ့ ရှိကြပါသည်။ ကယားပြည်နယ်တွင် ကယား၊ ကယန်း၊ ကယော၊ ဂေခို၊ ဂေဘား၊ မနုမနော(ကော်ယော်)၊ ယင်းဘော်၊ ယင်းတလဲ၊ ဇယိမ်း(လထာ)စသည့် ဌာနေ တိုင်းရင်းသား(၉)မျိုးအပြင် ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ ကရင်၊ လီဆူ၊ အင်းသားစသည့် တိုင်းရင်းသားပေါင်းစုံနေထိုင်ကြ သည့်ပြည်နယ်တစ်ခု ဖြစ်ပါသည်။ ထို့အတူကယား ပြည်နယ်ရှိ ကယားတိုင်းရင်းသား မျိုးနွယ်စုများသည်လည်း ကိုယ်ပိုင်ဓလေ့ ထုံးတမ်း အစဉ်အလာများနှင့်အညီ နွှေထူးနွှေမြတ်၊ ပွဲတော်ရက်များရှိကြပါသည်။ ကယားတိုင်းရင်းသား မျိုးနွယ်စု များတွင်ရှိသော ပွဲတော်များစွာအနက် ကယား တိုင်းရင်းသား တို့၏ ခေတ်အဆက်ဆက် ရှေးဘိုးဘွားဘီဘင် လက်ထက် ကတည်းက ကျင်းပခဲ့သော" ကေကရဲဒါး" (ခေါ်) ငှက်လိုက်ပွဲ အကြောင်းကို တင်ပြမည်ဖြစ်ပါသည်။

## ပွဲတော်ကျင်းပချိန်နှင့်ကျင်းပရခြင်းရည်ရွယ်ချက်

ကယားတိုင်းရင်းသားတို့သည် ကောက်ပဲသီးနှံများကို ရိတ်သိမ်းပြီး မိမိတို့၏ စပါးကျီများထဲသိုလှောင်ပြီးသော အခါတွင် “ကေကရဲဒါး” (ခေါ်) ငှက်လိုက်ပွဲတော်ကျင်းပကြသည်။ ယင်းပွဲတော်ကျင်းပရခြင်းမှာ ပြည်စောင့်နတ်၊ ရွာစောင့်နတ်များကို မိမိတို့၏စီးပွားရေး တိုးတက် စေရန်နှင့် ဘေးအန္တရာယ်အမျိုးမျိုးတို့မှ ကင်းရှင်းစေရန်၊ ကူညီစောင့်မရန် ပူဇော်ပသရသော ပွဲတော်တစ်ရပ်ဖြစ်ပါသည်။ ပွဲတော်မကျင်းပမီ ညှော့ခံကျွေးမွေးရန် ကြိုတင်၍ ခေါင်ရည်ကို အဆင်သင့်ချက်ထားကြရသည်။ ထို့နောက် ပွဲတော်ကျင်းပမည့် နေ့ကောင်းရက်သာကို ကြက်ရိုးထိုးကြည့်ကာ ရွေးချယ်ကြရသည်။

## ပွဲတော်ကျင်းပသည့်နေ့နှင့်ရိုးရာဓလေ့ထုံးတမ်းများ

ပွဲတော်ကျင်းပမည့်နံနက် ဝေလီဝေလင်းတွင် ရွာတွင်းရှိ အမျိုးသားများ တအိမ်တယောက်စီစုရုံးပြီး ဒူးလေး၊ လောက်လေးခွနှင့် တုတ်တိုများကို ယူဆောင်ကာ ရွာ၏ပတ်ဝန်းကျင်ရှိ တောတွင်းသို့ သွားကြလေသည်။ ထိုနေ့၌ ရွာပြင်လမ်းဘေးများတွင် ရာဇမတ်ကာရံထားကာ


ကောလဲ့ (နယ်မြေ)
ထေးသာမရပ်ကွက် လှိုင်ကော်မြို့






ကေစို
ကေရယ်

ငှက်လိုက်ပွဲကျင်းပနေသည့် အထိမ်းအမှတ်ကို ပြထားကြသည်။ ထိုအခါ ဧည့်သည်များရွာတွင်းသို့ ဝင်ရောက်ခြင်းမပြုရချေ။ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် ဧည့်သည်ဝင်မိသော် လျော်ကြေးပေးရသော ထုံးစံရှိလေသည်။

အမျိုးသားများတောတွင်းသို့ ငှက်များကို လိုက်လံပစ်ခတ်နေစဉ် ရွာရှိအမျိုးသမီးများက ရွာအနောက်ဖက်တွင်ရှိသော နတ်စင်၏အနီးအနားတွင် ထမင်းဟင်းလျာများကို ချက်ပြုတ်၍ ငှက်လိုက်သူများအပြန်ကို စောင့်နေကြသည်။ ထမင်းကျွေးရန် ဟင်းလျာအတွက် ဝက်၏တန်ဖိုးကိုလည်း တစ်ရွာလုံးက အချိုးကျ အကုန်ကျခံရ သည်။ ဝက်ကိုသတ်ပြီး ဝက်၏အသည်းနှင့် သရက်ရွက်ကို ပြည့်မပြည့်ကြည့်ကြပြန်သည်။ အကယ်၍ ဝက်၏အသည်းနှင့် သရက်ရွက်မှာပဲ့နေလျှင် ထိုနှစ်အတွင်း တစ်ရွာလုံးအဖို့ မကောင်းဟု အယူရှိကြလေသည်။

အမျိုးသမီးများ ချက်ပြုတ်တတ်နေသော နေရာနှင့် မနီးမဝေးနေရာတွင် (၄) ထောင့်ပတ်လည်ရာဇမတ်များ ကာရံ၍ နတ်တင်ရန် နေရာတစ်ခုပြုလုပ်ထားကြသည်။ ထိုရာဇမတ် နေရာအတွင်း ၌ ခြင်း(၇)လုံးကို ဝါးတိုင်များဖြင့် စိုက်ထူထားသည်။ ငှက်လိုက်သူများ ပြန်လာသောအခါ



အမျိုးသမီးများ နတ်စင်အနီးအနားတွင် ထမင်းဟင်းလျာများ ချက်ပြုတ်ခြင်း



**ရာဇမတ်ခတ်ထားသည့်ပုံစံ**



## ဝက်၏အသည်းနှင့် သရက်ရွက် ပြည့်မပြည့်ကြည့်ရှုစဉ်

ပစ်ခတ်၍ရခဲ့သော ငှက်များကို ခြင်း(၇)လုံးထဲသို့ထည့်ကြသည်။ အကယ်၍ ခြင်း(၇)လုံးအတွက် ငှက်အပြည့်မရပါက ထပ်မံ၍ ငှက်လိုက်ရသည်။ ဤကဲ့သို့ပြုလုပ်၍မပြည့်သေးလျှင် ကြက်များကို သတ်၍ ခြင်း(၇)လုံးပြည့်အောင် ထည့်ကြရသည်။ ငှက်တစ်ကောင်ကိုလည်းနီးရာသစ်ငုတ်တွင်တင်၍ သစ်ပင်စောင့်နတ်ကို ပူဇော်ပသရပြန်သည်။ ငှက်လိုက်ပြန်လာသူများကို ဆီးကြို၍ခေါင်ရည်တိုက်ပြီးနောက် ခြင်းထဲမှ ငှက်များ၏အသားအနည်းငယ်၊ ခြေသဲဖျား၊ အတောင်ဖျား၊ အသည်းနှလုံးအနည်းငယ်စီကိုယူ၍ “ကေကရဲဒါးနတ်” ကို ပူဇော်ပသ၍

အသားများကိုမူ ရွာ၏အိမ်ခြေ အနည်းအများပေါ်မှာလိုက်၍ အိမ်ထောင်စုများကို အတုံးညီတူညီမျှ ဝေငှပေးရ၏။ ငှက်သားတုံးများကို တုတ်ဖြင့်ထိုး၍ ပေးလေ့ရှိသည်။ ခြင်း(၇)ခြင်းလုံးအတွင်းမှ ငှက်များ၏ အရိုးကိုလည်း ငှက်ရိုးဗေဒင်ထိုးကာ ရွာရှိကလေး လူကြီးများအားလုံး၏ ကောင်းကျိုး၊ ဆိုးကျိုးအတွက် ဗေဒင် မေးကြသည်။ ထို့နောက် ကယားအမျိုးသား၊ အမျိုးသမီးများက ခေါင်ရည်ဖြင့် ထမင်းဟင်းလျာများကို ပျော်ပျော်ရွှင်ရွှင် စားသောက်ကြ သည်။ ပိုနေသော် ဝက်သားအစိမ်းတုံး များကိုလည်း ရွာသူရွာသားများက အချိုးကျ ဝေယူကြရသည်။

# ကရင်တိုင်းရင်းသားတို့၏ရိုးရာပွဲတော်များမှကိုးကွယ်ယုံကြည်မှုဆိုင်ရာပွဲတော်များအကြောင်း

ကရင်တိုင်းရင်းသားတို့တွင် စကောကရင် (သို့မဟုတ်) မြန်မာကရင်နှင့် ပိုးကရင် (သို့မဟုတ်) မွန်ကရင်ဟူ၍အဓိကလူမျိုးစုကြီး(၂) စုရှိသည်။ ထိုလူမျိုးစုကြီးနှစ်စုမှာ ဓလေ့စရိုက်နှင့်အသုံးပြုသော ဘာသာစကားတွင် ကွဲပြားခြားနားမှုရှိသည်။ ကရင်လူမျိုးစုကြီးတွင် ပါဝင်သော မျိုးနွယ်စု(၁၁)စုရှိသည်။ ၎င်းတို့မှာ-

(၁) ကရင်လူမျိုး

(၂) ကရင်ဖြူလူမျိုး(ဂေဘားကရင်)

(၃) မွန်ကရင်လူမျိုး(စာဖြူ)

(၄) ပလေကီးလူမျိုး(ပလေချီး)

(၅) စကောကရင်လူမျိုး

(၆) တလေ့ပွာလူမျိုး(တလေ့ပွား)

(၇) ပကူးလူမျိုး

(၈) ဘွဲလူမျိုး

(၉) မောနေပွားလူမျိုး

(၁၀) မိုးပွားလူမျိုး(မိုပွား)

(၁၁) ပိုးကရင်လူမျိုးတို့ဖြစ်သည်။

ကရင်မျိုးနွယ်စုတွင် အဓိကမျိုးနွယ်စုဖြစ်သော ပိုးကရင် (အရှေ့ပိုး/အနောက်ပိုးကရင်)နှင့် စကောကရင်သာမက ပကူး ကရင်၊ ဘွဲကရင်၊ ဂေခိုကရင်၊ ဂေဘားကရင်၊ မောနေပွား ကရင်၊ ကရင်ဖြူ၊ ထိုကလိဘော်ကရင်၊ တလှေပွားကရင်၊ ပလေချီ၊ ပလေကီးကရင်၊ စသည့်မျိုးနွယ်စုများသည်လည်း ကရင်မျိုးနွယ်စုများတွင်ပါဝင်သည်။

ကရင်လူမျိုးများမှာ ကိုးကွယ်ယုံကြည်မှု အနေဖြင့် တောင်ပေါ်နေကရင်များကမူ နတ်ကိုးကွယ်ကြ၍ မြေပြန့် ဒေသနှင့် ကရင်လူမျိုးတို့ကမူ ဗုဒ္ဓဘာသာကိုးကွယ်ကြပြီး မြို့ကြီးပြကြီးများနှင့် မြစ်ဝကျွန်းပေါ် ကရင်အများစုမှာ ခရစ်ယာန်(နှစ်ခြင်း)ဘာသာဝင်များ ဖြစ်ကြသည်။ ဗမာ လူမျိုးများကဲ့သို့ လုံချည်နှင့်ရှပ်အင်္ကျီကို ဝတ်ဆင်ကြပြီး ရိုးရာဓလေ့အရ အမျိုးသားဝတ်သင်တိုင်း၊ အမျိုးသမီးဝတ် သင်တိုင်းများရှိကာ ယင်းရိုးရာဝတ်စုံများကို ပွဲလမ်းသဘင် များနှင့် ရိုးရာပွဲများတွင်ဝတ်ဆင်လေ့ရှိ်ကြသည်။ သို့သော် ခေတ်မီသော ပညာတတ်အမျိုးသားများကမူ ပွဲလမ်းသဘင် များတွင် အနောက်တိုင်းဘောင်းဘီနှင့် သင်တိုင်းများကို

ဝတ်ဆင်၍ အမျိုးသမီးများကမူ အမဲရောင်သင်တိုင်းနှင့် အဖြူရောင်သင်တိုင်းကို ဝတ်ဆင်ကြသည်။ ဘာသာရေးကို အထူးလေးစားမှုရှိကြသည်။

ကရင်လူမျိုးတို့၏ ရိုးရာပွဲတော်များကို ဖော်ပြရမည်ဆိုလျှင်-

(က) အော်ပွဲ

(ခ) စိုက်ပျိုးရေးနှင့်ပတ်သက်သောပွဲတော်များ

(ဂ) လူမှုရေးနှင့်ပတ်သက်သောပွဲတော်များ

(ဃ) ဘာသာရေးနှင့်ပတ်သက်သောပွဲတော်များ

(င) ကရင်အမျိုးသားများ၏နှစ်သစ်ကူးပွဲတော်များ

(စ) အရိုးကောက်ပွဲ

(ဆ) တောင်ယာစူးထိုးပွဲ

(ဇ) ရေမြောင်းတာတမံနတ်ပူဇော်ပွဲ

(ဈ) တောင်ယာစပါးရိတ်သိမ်းပွဲ

(ည) စပါးပုံလိပ်ပြာခေါ်ပွဲ

(ဋ) လယ်နတ်တင်ပွဲ

(၃) တောင်ယာနတ်တင်ပွဲ

(၄)တောင်ယာနတ်စားပွဲ စသည်တို့မှာ ကရင်လူမျိုးများ၏ ရိုးရာပွဲတော်များဖြစ်ကြသည်။

(က) စပါးပုံလိပ်ပြာခေါ်ပွဲ

စပါးပုံလိပ်ပြာခေါ်ပွဲမှာ ကောက်လှိုင်းများ တလင်းကွင်း၌ နယ်၍ပြီးသောအခါ စုပုံထားသောစပါးပုံကြီးအတွက် လိပ်ပြာခေါ်ပေးခြင်းဖြစ်သည်။ ယင်းသို့ပြုလုပ်မှသာ စပါးပိုမိုထွက်သည်ဟု ယုံကြည်ကြသည်။ ကျီသွင်းသောအခါတွင်လည်း စပါးလိပ်ပြာမလွင့်နိုင်ဟု အယူရှိကြလေသည်။ စပါးပုံလိပ်ပြာခေါ်ပွဲကို အရှေ့ပိုးကရင်ဘာသာစကားဖြင့် "**ကိုးဖီးဘူးယော**"ဟုခေါ်သည်။ အဖွားစပါးလိပ်ပြာခေါ်ခြင်းဟု အဓိပ္ပါယ်ရသည်။ မြန်မာလိုကောက်ဆိုင်ပုံထိုးသည်ဟူ၍လည်းခေါ်သည်။ ကိုးဖီးဘူးယော ပူဇော်ပသပုံမှာ ကောက်လှိုင်းသိမ်းအပြီး တလင်းအတွင်း ကောက်လှိုင်းများစုပုံရောက်ရှိပြီးသည့်အခါ ကောက်လှိုင်းပုံပတ်လည် တွင်ဝါးတိုင်(၉)တိုင်ထူရပြီး ကောက်လှိုင်းပုံ ထက်မြင့်ရသည်။ ဝါးတိုင်ထိပ်တွင် ခြင်းငယ်ဖြင့် ကောက်ညှင်း(၇)ထုပ်၊ ငှက်ပျောသီး(၇)လုံး၊ ကြက်မောက်ပန်း(၇)ခက်တင်ရသည်။







စပါးပုံလိပ်ပြာခေါ်ပွဲ

ဝါးတိုင်များသည် ကောက်လှိုင်းပုံဘက်သို့ညွတ်ကိုင်းနေရသည်။ စပါးနယ်ခါနီးတွင် ဝါးတိုင်များကိုဖြုတ်၍ စပါးပုံပေါ်တင်ရသည်။ဤသည်ကို “**ကိုးဖီးဘူးယော**”ဟုခေါ်သည်။ ထိုပသပွဲမှာ ဒေသတစ်ခုနှင့်တစ်ခုမတူချေ။ ထိုသို့နတ်တင်မှုမျိုး မပြုလုပ်ပါက လုပ်ကိုင်သူအဖို့ ကျွဲ၊ နွား၊ တိရစ္ဆာန်များကို ဒုက္ခပေးတတ်သည့်အပြင် စိုက်ပျိုးသော ကောက်ပဲသီးနှံများပျက်စီးခြင်း၊ အထွက်နည်းခြင်းများဖြစ်စေတတ် သည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် ဆိုင်ရာနတ်များကို ဓလေ့ထုံးစံအတိုင်း တင်မြှောက်ပသကြလေသည်။

(ခ) လယ်နတ်တင်ပွဲ

လယ်နတ်ကို “တလောတိုက်” ဟုခေါ်သည်။ နယုန်လနှင့် ဝါဆိုလများတွင် လယ်ကွင်းထဲ၌ လယ်နတ်တင်ကြရာတွင် ကန်သင်းဘေး၌ တဲအိမ်ဆောက်လုပ်၍ ငါးသုံးကောင်၊ ထမင်းတစ်ပန်းကန်၊ ကွမ်းတစ်ရာ၊ ဖယောင်းတိုင်တစ်တိုင်ဖြင့် လယ်နတ်တင်ကြရသည်။ ဤသို့တင်မြှောက်ပြီး လယ်ကို ကြည့်ရှုစောင့်ရှောက်ရန် လူနှင့်တိရစ္ဆာန်များ ဘေးရန်ကင်းဝေးစေရန်၊ ပိုးမွှားစသော အနှောင့်အယှက် အဖျက်အစီးများမှ ကင်းဝေးစေရန်၊ ဆန်စပါးဖြစ်ထွန်း အောင်မြင်စေရန် ဆုတောင်းရသည်။ အချို့ဒေသများတွင် တော်သလင်း၌ လယ်နတ်တင်ပွဲ

ပြုလုပ်ကြပြီး ကောက်ညှင်း၊ နှမ်း၊ ရေ၊ ဖယောင်းတိုင် တို့ဖြင့် သက်သက်လွတ် တင်ကြရသည်။ ထိုသို့လယ်နတ် တင်ပွဲမပြုလုပ်ပါက ကျွဲ၊ နွား၊ တိရစ္ဆာန်များကို ဒုက္ခ ပေးတတ်သည့်အပြင် စိုက်ပျိုးသော ကောက်ပဲသီးနှံများ ပျက်စီးခြင်း၊ အထွက်နည်းခြင်းများ ဖြစ်စေတတ်သည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် ဆိုင်ရာနတ်များကို ဓလေ့ ထုံးစံအတိုင်း တင်မြှောက်ပသ ကြလေသည်။

(ဂ) တောင်ယာနတ်ပွဲ

တောင်ယာနတ်ပွဲကို တောင်ယာခုတ်ပြီးလျှင် မတင် သေးဘဲ အပင်စိုက်တော့မည့် အချိန်ကျမှ တင်ရသည်။ ထိုတောင်ယာနတ်ပွဲတွင် အရက်နှစ်ပုလင်း၊ ကြက်ဖ တစ်ကောင်၊ ကြက်မတစ်ကောင်ပြုတ်၍ ခြေထောက် နှစ်ချောင်းစီ၊ တောင်ပံနှစ်ဖက်စီ၊ ခေါင်း၊ အသည်းများကို ငရုတ်သီး၊ ကြက်သွန်၊ မရမ်းပြားများနှင့် ရောထည့်ပြီး ထမင်းတစ်ပန်းကန်၊ ဆေးလိပ်တစ်လိပ်၊ ရေတစ်ခွက်နှင့် တင်ရသည်။ ယင်းသို့ တင်မြှောက်ပြီးလျှင် အထိအခိုက် အပျက်အစီး မရှိစေရန်နှင့် သီးနှံဖြစ်ထွန်းစေရန်အတွက် ဆုတောင်းကြရလေသည်။

(ဃ) တောင်ယာနတ်စားပွဲ

တောင်ယာနတ်စားပွဲကို တောင်ယာမြေသစ်ရှာဖွေတွေ့ရှိချိန်တွင် ကြက်၊ ဝက်၊ အရက်စသည်တို့ဖြင့် တောင်ယာနတ်အားပူဇော်ပသ၍ မြေနေရာ ကောင်း၏ မကောင်း၏ကို နိမိတ်ဖတ်ခြင်းဖြစ်သည်။

ယင်းပွဲတော်များသည် ကရင်တိုင်းရင်းသားများ နှစ်စဉ်ကျင်းပြုလုပ်လေ့ရှိသော ပွဲတော်များအနက် ရိုးရာဓလေ့များနှင့်အညီ ကျင်းပလေ့ရှိသော ပူဇော်ပသမှုဆိုင်ရာ ရိုးရာပွဲတော်များဖြစ်လေသည်။

## ချင်းရိုးရာ ယူလုတ်ခ်(ခေါ်)ခေါင်ပွဲတော်

မင်းတပ်မြို့နယ် **မွှင်းချင်း** အမျိုးသားတို့သည် ရိုးရာ ဓလေ့ပွဲတော်များကို **ထားမကာ** (ခေါ်) ကောက်သစ်စားပွဲ **ဝေါက်ရို့ (**ခေါ်) ဝက်သတ်ပွဲ **အိမ်ကာ** (ခေါ်) အိမ်သစ်တက်ပွဲ၊ **ယူလုတ်ခ်** (ခေါ်) ခေါင်ပွဲ၊ **ကုမ်စီ** (ခေါ် )နှစ်သစ်ကူးပွဲဟူ၍ ၁၂ရာသီပွဲတော်များ ကျင်းပလေ့ရှိသည်။

ဤပွဲများမှာ အချိန်ရာသီအလိုက် ကျင်းပရသော ပွဲများဖြစ်သည်။ ယူလုတ်ခ်(ခေါ်)ခေါင်ပွဲမှာ အကြီးဆုံးပွဲဖြစ် သည်။ ဂုဏ်အတွက် ပြုလုပ်သောပွဲဖြစ်သည်။ ခေါင်ပွဲတွင် ရှာယူး (ခေါ်) တစ်ညကျင်းပပြုလုပ်သောပွဲ၊ မကူးယူး (ခေါ်) နှစ်ညကျင်းပသောပွဲ၊ လုံးယူး(ခေါ်)ရက်သတ္တပတ် ပြုလုပ်သောပွဲဟူ၍ ရှိသည်။

ရှာယူးသည် လူတစ်ဦးတစ်ယောက်အတွက် ပထမ ဦးဆုံး ပြုလုပ်ရသောပွဲဖြစ်သည်။ တနည်းအားဖြင့် ဆိုသော် လူတစ်လုံး သူတစ်လုံးအဖြစ် ပထမဦးဆုံး အထိမ်းအမှတ် ပြုရသောပွဲဖြစ်သည်။ ဤပွဲကို တစ်ညတာသာ ကျင်းပ၍ ရေချောင်းမှ အဓိကရ ကျောက်ဖျာတွင် ကြက်ဉ၊ ခေါင်ရည် စသည်တို့ဖြင့် နတ်များအား ပူဇော်ပသပြီး တစ်ခမ်းတစ်နားဖြင့် အိမ်သို့ ပင့်ချီရသည်။ အိမ်သို့ရောက်လျှင် နွားနောက်၊ ကျွဲ၊ နွားစသည့် မိမိတတ်နိုင်သော တိရစ္ဆာန်ကို ကြိုတင်ပြင်ဆင် ထားရှိသော နတ်တိုင်တွင် ချည်၍ နတ်ဆရာ အလိုအရ

တန်ခိုးကြီးနတ်များအား တိုင်တည်ကာ ပူဇော်ပသရသည်။ ကြိုတင်ဖိတ်ကြား၍ ရောက်ရှိလာကြသော ရွာတိုင်း၊ ရပ်တိုင်းမှ ပွဲရှင်၏ ဆွေမျိုးမိတ်သင်္ဂဟများနှင့် လက်လှမ်း မီရာ အခြားဖိတ်ကြားထားသူ ဧည့်ပရိသတ်များအား ခေါင်ရည်၊ အစားအစာများဖြင့် ဧည့်ခံကျွေးမွေးရသည်။ မည်သူမဆို ပါဝင်စားသောက်နိုင်ခွင့်ရှိသည်။ တစ်ညတာမျှ ပျော်ရွှင်စွာ စားသောက်ကြပြီးနောက် နောက်တစ်နေ့တွင် ကျောက်ဖျာကို တောတောင်ခင်ရိုး၌ အခမ်းအနားဖြင့် တင်ရသည်။ ကျောက်ဖျာတင်ရာသို့ ရိုးရာဓလေ့ထုံးစံများ အရ ပွဲရှင်လင်မယားတို့သည် ဝတ်ကောင်းစားလှများ ဝတ်ဆင်ပြီး ပါဝင်ရသည်။ ကျောက်ဖျာတင်ပြီးနောက် နတ်ဆရာက တန်ခိုးကြီး နတ်အသီးသီးကို ပင့်ဖိတ်ပူဇော်ကာ ပွဲရှင်လင်မယားတို့၏ သားသမီးထွန်းကားရေး၊ ကျန်းမာရေး၊ စီးပွားရေး တိုးတက်ရေးတို့ကို ဆုမွန်တောင်းပေးရသည်။ ဤသို့ ခင်ရိုးတွင် ကျောက်ဖျာတင်ခြင်းမှာ ဤပွဲရှင် အိမ်ထောင်စုများ သေဆုံးလျှင် အရိုးအိုးကို ဤကျောက်ဖျာ အောက်၌ ထားရန်ဖြစ်သည်။ ဤသို့ကျောက်ဖျာမတင်နိုင် သူမှာ သေဆုံးသောအခါ၌ အရိုးအိုးထားရန်နေရာရှိမည် မဟုတ်ပေ။ ဤရှာယူးခေါ် ပွဲမျိုးကို သုံးကြိမ်တိုင်တိုင် ကျင်းပပြုလုပ်သူမှသာ လုံးယူးပွဲကြီးကို ကျင်းပပြုလုပ် နိုင်ခွင့်ရှိသည်။

မကူးယူးခေါ် နှစ်ညပြုလုပ်သောပွဲမှာ ရှာယူးကဲ့သို့ ပင်ဖြစ်၍ တစ်ညပို ကျင်းပခြင်းသာပိုသည်။ လုံးယူးပွဲမျိုးကို လူတိုင်းကျင်းပပြုလုပ်ခွင့် မရှိပေ။ ရှာယူး၊ မကူးယူးတို့ကို သုံးကြိမ်တိုင်တိုင် ကျင်းပပြုလုပ်သူမှသာ လုံးယူပွဲကို ကျင်းပပြုလုပ်ခွင့်ရှိသည်။ ဤပွဲကို ရက်သတ္တပတ်တိတိ ကျင်းပရ၍ ပထမဆုံးနေ့ကို လောင်းကျေ၊ ဒုတိယနေ့ကို ပိုင်ချွတ်၊ တတိယနေ့ကို လုံကော့၊ စတုတ္ထနေ့ကို ဗုတ်ခွီး၊ ပဥ္စမနေ့ကို လုံမဆွန်၊ ဆဋ္ဌမနေ့ကို ခေါ်တိ၊ သတ္တမနေ့ကို တာထားဟူ၍ ခေါ်သည်။ ဤပွဲတွင် နွားနောက်အနည်းဆုံး တစ်ကောင်မှ မိမိတတ်နိုင်သလောက် သတ်ဖြတ်၍ ဆွေမျိုး မိတ်သင်္ဂဟအားလုံးနှင့် လက်လှမ်းမီရာ ကျေးရွာတိုင်းမှ လူကြီးလူငယ် ဆင်းရဲချမ်းသာမရွေး ဖိတ်ကြားကျွေးမွေး ကြသည်။

လုံးယူး၏ ပထမနေ့ဖြစ်သော လောင်းကျေနေ့တွင် ခေါင်ရည်များနှင့် ထမင်းဟင်းများကို ယူဆောင်လျက် ကျောက်ပြင်တင်ရန် လုံခေါ် (ခေါ်) ကျောက်တိုင်ရှိရာ ချောင်းသို့သွား၍ စားသောက်ကြပြီး ကျောက်တိုင်များကို အိမ်သို့ယူဆောင်လာရသည်။

လုံးယူး၏ ဒုတိယနေ့တွင် ရွာတွင်းမှ လူများစုပေါင်း၍ နွားနောက်ချည်ရန် နတ်တိုင်များ၊ ပွဲ၌ဟင်းခပ်ရန် သစ်သား ခွက်များကို ပြုလုပ်ကြရသည်။ ထိုလုပ်ငန်း၌ ကူညီသူများအား

နတ်ပွဲ၏ ပဋ္ဌမမြောက်နေ့ဖြစ်သော လုံမဆွန်နေ့၌ နွားနောက်သားများကို အစိမ်းလှီး၍ လုပ်ခအဖြစ် ပေးကမ်းဝေငှရ သည်။ ပေါင်းဖေးဆိုသည်မှာ နတ်တိုင်နှင့် သစ်သားစားခွက် ပြုလုပ်ခြင်းကို ခေါ်သည်။

လုံးယူး၏ တတိယနေ့ဖြစ်သော လုံကော့၏အဓိပ္ပာယ်မှာ လုံသည် ကျောက်ဖျာဖြစ်ပြီး ကော့မှာ ထမ်းခြင်းကိုပြသည်။ ထို့နေ့တွင် ယာရှိ ယောကျ်ားများအားလုံး နတ်ပွဲရှင်၏ အိမ်၌ ထမင်းဟင်းများ စုဝေးစားသောက်ကြသည်။ ထို့နောက် ကြက်ဖတစ်ကောင်ဖြင့် နတ်တင်ပူဇော်သည်။ ယင်းကြက်ဖ တစ်ခြမ်းကို အစိမ်းထား၍ ကျန်တစ်ခြမ်းကို ချက်ပြီး ကျောက်ဖျာထမ်းသွားသူများနှင့်အတူ ရွာ၏ တောင်ဖက်ချောင်းထဲသို့ဆင်း၍ လောင်းသာခေါ် ချောင်းစောင့်နတ်အား ကြက်ဉ တစ်လုံးထပ်ဖြည့်ပြီး ကျောက်ဖျာတောင်း ပသရပြန်သည်။ ထိုသို့ပသပြီးသည်နှင့် တပြိုင်နက် အမျိုးသမီးများက အသင့်ထမ်းယူလာသော နွားနောက်သားခြောက်နှင့် ပဲယဉ်းကို ရောထောင်းထားသည့် ထမင်းဟင်းများကို ဝေငှစားသောက်ကာ ခေါင်ရည်များ သောက်ကြရပြန်သည်။ ပြီးဆုံးလျှင် ကျောက်ဖျာကိုထမ်းရန် အသင့်ပြုလုပ်ပြီးနောက် ပဆန်းဆရာက အူဟာစ်ရသည်။ ထိုအခါ ပရိတ်သတ်ကပါ ဝိုင်း၍ ၁၂ ကြိမ်တိတိ အူဟာစ်ကြပြီး ကျောက်ဖျာကို ထမ်း၍ ပြန်ကြရသည်။ လမ်း၌ နားသည့်အခါတိုင်း ထိုကဲ့သို့ အူဟာစ်ကြရသည်။ ကျောက်ဖျာ

အိမ်သို့ရောက်လျှင် ပဉ္စမနေ့ဖြစ်သော လုံမဆွန်ခေါ် ကျောက်ဖျာတင်သည့်နေ့ မတိုင်မချင်း ထိုကျောက်ဖျာပေါ်သို့ မည်သူတစ်ဦး တစ်ယောက်မျှ တက်မထိုင်ရချေ။ ကျောက်ဖျာပေါ်၌ မသိုင်းထင်းရှူးရွက်နှင့် ခီငှ သစ်အယ်နီရွက်ကို တင်ထားရသည်။ ပြီးလျှင် ပေါင်ဗေး ခေါ် ဒုတိယနေ့က ပြုပြင်ခုတ်လုပ်ထားခဲ့သော နွားနောက် ချည်ရန် နတ်တိုင်များကို စိုက်ထူကြရသည်။

လုံးယူး၏ စတုတ္ထနေ့ကို ဗုတ်ခွီး ဟုခေါ်၍ အဓိပ္ပါယ်အားဖြင့် နွားနောက်သယ်ခြင်းနေ့ဟု ဆိုလိုသည်။ ဤနေ့တွင် နွားနောက်များကို နတ်တိုင်များတွင်ချည် ပြီးသော် တားရီးနတ်ပဆန်းက နွားနောက်ရိုက်တံဖြင့် နွားနောက်များကို ခေါင်ရည်ဗူးမှ ခေါင်ရည်ကိုငုံပြီး မန်းမှုတ်ရိုက်နှက်ကာ မျိုးရိုး ဘာသာအစဉ်အလာအားဖြင့် နေထိုင်လာခဲ့သည့် အတိတ်ဘဝဇာတ်လမ်းစုံကို ပြောဆို ရေရွတ်မှတ်တမ်းတင်ကြရသည်။ ထိုသို့ပြုလုပ်ခြင်းကို လေ့ပစ်ဟုခေါ်သည်။ ပြီးလျှင်မိန်းမယောက်ျားရော၍ လေ့လမ်းခေါ် နွားနောက်ကို ဝိုင်း၍ ကကြရသည်။ ထို့နောက် နွားနောက်ကိုသတ်၍ လေ့လူလမ်းခေါ် နွားနောက် ခေါင်းကို ဝိုင်းပတ်ပြီး ကပြရပြန်သည်။


IRRAWADDY
KK
DLC
NP


IRRAWADDY
GDL
KK

ထိုသို့ပြီးလျှင် ရပ်ဝေးမှ ဖိတ်ခေါ်ထားသော ဧည့်ပရိသတ်များလည်း ဤအချိန်၌ပင် တဖွဲဖွဲအဆက်မပြတ်ရောက်ရှိလာကြကာ ကျွေးမွေးဧည့်ခံသော ခေါင်ရည်များကို ပွဲတစ်လျှောက်လုံး တစ်ပုံးဝင် အလုံးရေ ၄၀ မှ ၁၀၀ အတွင်း ရေနှင့်မခြား ဖောဖောလှိုင်လှိုင် သောက်သုံးကြရ သည်။



ထမင်းဟင်းများကိုလည်း ဝိုင်း၍ စားသောက်စေပြီး တပျော်တပါး တစ်ဦးကိုတစ်ဦး ခွံ့၍ စားသောက်ကြရ သည်။ ထိုသို့ လက်ရေတစ်ပြင်စီးဝိုင်း၍ စားသောက်ခြင်းကို **အေးပိုင်** ဟုခေါ်သည်။

လုံးယူး၏ ပဥ္စမနေ့ကို လုံမဆွန်နေ့ ဟုခေါ်၍ အဓိပ္ပာယ်မှာ ကျောက်ဖျာတင်သည့်နေ့ ဖြစ်သည်။ ထိုနေ့တွင် နံနက်မိုးလင်းချိန်မှစ၍ ပွဲရှင်နှင့်နီးစပ်ရာ ဆွေမျိုးများက ပွဲမှအသားများကို ဝေယူပြီး ပရိသတ်များအား ကျွေးမွေး ဧည့်ခံကြရသည်။ ထို့နောက် ပဆန်းဆရာ၏ အစီအစဉ်ဖြင့် သီးသန့်မီးဖိုငယ်၌ ကြက်ဥ များကိုပြုတ်၍ ဝက်ကလေး တစ်ကောင်ကိုသတ်ကာ ချက်ပြုတ်ထားသော နွားနောက်၏ အသည်းနှလုံးသားများကိုပါ ယူဆောင်လျက် ရွာအနောက် သင်္ချိုင်းရှိကျောက်ဖျာခင်းရာ ကျောက်ပြင်ကုန်းသို့ သွားကြ ရသည်။ လမ်းတွင် ကလေးလူငယ်မှအစ ဖီဖွတ် ခေါ် ဝါးရိုးတံကလေးများကို တီး၍ သွားရောက်ကြကာ ကျောက်ဖျာ ပေါ်တွင် လှဟာ ခေါ် ခြောက်ထပ်သောချေစွယ် လည်ဆွဲ တန်ဆာနှင့် မိုး ခေါ် ကျောက်ပုတီး လည်ဆွဲတန်ဆာတို့ဖြင့် ဝိုင်း၍ အလယ်တွင် ဆန်ကွဲအနည်းငယ်ပုံသည်။ ပြီးလျှင် ပွဲရှင်၏ ဇနီးသည်အား ပဆန်းဆရာက ကြက်ပေါက်စငယ် လေးတစ်ကောင်ကို ကျွေးမွေးစေသည်။ ကြက်ကို

ကျွေးမွေးပြီးနောက် ပဆန်းက ကြက်ဥ စိမ်းတစ်လုံးဖြင့် ကျောက်ဖျာကိုရစ်ဝိုင်း၍ နာမည်ပေးရသည်။ ထိုမှ အိမ်ပြန်ရောက်သော် အိမ်ရှေ့တွင် ကျောက်ဖျာအသစ်ကို တင်ရသည်။ ကျောက်ဖျာသစ် တင်ခင်းပြီးသည်နှင့် တစ်ပြိုင်နက် ကျောက်ဖျာပတ်လည်တွင် လုံးယူးခေါ် ခေါင်များဝိုင်းရံပြီး လုံမဆွန် ခေါ် ကျောက်ဖျာတင် ထမင်းကို ကျွေးရသည်။ ထို့နောက် အကောင်းဆုံး ခေါင်အိုးကြီးထဲမှ ခေါင်ရည်ကို နွားနောက်ဦးချိုသစ်တွင် ထည့်၍ ဤပွဲမျိုးအကြိမ်ကြိမ် ပြုလုပ်ခဲ့ဘူးပြီး တေးကဗျာ အဆိုတော်သူ ညွှသည်တစ်ဦး အားပေး၍ ကျောက်ဖျာအမည်ကို မှည့်စေရသည်။ ဤသို့ ခေါင်သောက်ခြင်းကိုပင် လုံးယူးဟုခေါ်သည်။

လုံးယူး၏ ဆဋ္ဌမမြောက်နေ့ကို **ခေါ်တိ** ဟုခေါ်၍ အခိပ္ပာယ်မှာ နတ်ကိုပြန်လွှတ်ခြင်းဖြစ်သည်။

လုံးယူး၏သတ္တမနေ့ကို **တာထား**ဟုခေါ်၍ ထိုနေ့တွင် ပွဲ၏နိဂုံးအဖြစ် စားသောက်၍ ပြီးဆုံးခြင်းသို့ ရောက်သည်။

အိမ်ရှေ့တွင် ကျောက်ဖျာတင်ခြင်းမှာ မိမိပြုလုပ်ခဲ့သော ပွဲများအတွက် အထိမ်းအမှတ်ဖြစ်သည့်အပြင် မိမိသေဆုံးသွားသောအခါ ဤကျောက်ဖျာပေါ်တွင် ရုပ်အလောင်းကို တင်၍ အသက်ရှင်စဉ် ဆောင်ရွက်ခဲ့သော လုပ်ငန်းများကို

တေးသီချင်းများဖြင့် ဂုဏ်ပြုခြင်း၊ နောက်ဆုံးနှုတ်ဆက်ခြင်းများပြုလုပ်၍ မသာပွဲခံရန်ဖြစ်သည်။ အိမ်ရှေ့တွင် ကျောက်ဖျာတင်နိုင်ခြင်း မရှိသူများသည် သေဆုံးသောအခါ ကျောက်ဖျာပေါ်တွင် မသာပွဲခံနိုင်ကြမည် မဟုတ်ပေ။ လုံးယူးခေါ် ပွဲကြီးတွင်သာ အိမ်ရှေ့၌ ကျောက်ဖျာတင်နိုင်ခွင့်ရှိ၍ အခြားပွဲများတွင် ခင်ရိုး၌သာ ကျောက်ဖျာတင်ရသည်။ ဤသို့သော လုံးယူးပွဲ အနည်းဆုံး သုံးကြိမ်ပြုလုပ်၍ အိမ်ရှေ့တွင် ကျောက်ဖျာသုံးကြိမ်ထက်မနည်း တင်ယူပြီးမှသာ မာန်အေ ခေါ် နတ်ပွဲတွင် ကျွေးမွေးသည့်အစားအစာများကို စားသောက်နိုင်ခွင့်ရှိသည်။ **မာန်အေ**ဆိုရာ၌ **မာန်**သည် မင်းဖြစ်၍ **အေ**မှာ အစာဖြစ်သောကြောင့် မင်းများသာ စားရသော အစားအစာဖြစ်ပေသည်။

# မရာရိုးရာပွဲတော်

မရာဘာသာစကားဖြင့် မရာရိုးရာပွဲတော်၏ အမည်နာမသည် "KYUVA KHUTLA" (လေဗားခူးထလာ) ဖြစ်ပါသည်။ အဓိကဖွင့်ဆိုချက်ကို " Cha-ypi " ဟုလည်း ခေါ်တွင်ခဲ့ပါသည်။ "Cha-ypi" ဆိုသည်မှာ နှစ်စဉ်နှစ်တိုင်း ရာသီအလိုက် ကျင်းပသောပွဲဟု ဆိုလိုခြင်းဖြစ်ပါသည်။ မရာလူမျိုးတို့သည် ရိုးရာဓလေ့အမွေအနှစ် တစ်ခုစီနှင့် ဆိုင်သော နှုတ်ပြောရာဇဝင်၊ ဒဏ္ဍာရီပုံပြင်များ ရှိကြသည်။ ရှေးရှေးတုန်းက ကြွယ်ဝချမ်းသာပြီး သြဇာတိက္ကမရှိသူ တစ်ဦး (Katlo)ရှိခဲ့ပါသည်။ အိမ်မွေးတိရစ္ဆာန်များဖြစ်သော နွားနောက်၊ ကျွဲ၊ နွား၊ ဝက် စသည် များကိုသတ်၍ ရွာသူရွာသားများအားလုံးသာမက သားရဲတိရစ္ဆာန်များ၊ ငှက်များပါ ပင့်ဖိတ်ပြီး ကျင်းပကြသည်။ တစ်နေကုန် ခေါင်ရည်သောက်၊ သီချင်းဆို၊ ကကြပြီး ပျော်ပါးကြသည်။ ထိုအချိန်မှစ၍ မရာလူမျိုးစုများသည် နှစ်စဉ်ပွဲများ ကျင်းပလာခဲ့ကြသည်ဟု ဆိုသည်။

မရာလူမျိုးနွယ်စုဝင်များ နှစ်စဉ်ရာသီအလိုက် ကျင်းပသော ရိုးရာပွဲများစွာရှိသည်။ နှစ်စဉ်ပွဲတော်ချိန်ခါကို အဝေးမှ မျှော်လင့်စောင့်ဆိုင်းနေတတ်သည်။ ပွဲတော်များသည် ဆင်းရဲ ချမ်းသာမရွေး၊ လူထုတစ်ရပ်လုံး ပျော်ရွှင်မြူးတူး

ရသောအချိန်၊ ဘဝ၏ နာကျင်ခက်ခဲမှုများကို ခဏတာ မေ့ပျောက်သောအချိန်အခါ၊ တောင်ယာလုပ်ငန်းများဖြင့် တစ်နှစ်လုံးတောထဲတွင် လုံးပန်းနေရာမှ တစ်ရွာထဲအတူနေ သူငယ်ချင်းများနှင့်အတူ ပျော်မြူးသော အချိန်အခါပင်ဖြစ် ပေသည်။











ရာသီအလိုက်၊ သွေးသားမျိုးဆက်အလိုက်၊ မျိုးရိုးစုအလိုက် ကျင်းပကြသော ပွဲတော်များစွာရှိသည်။ တစ်ချို့ပွဲများမှာ ယုံကြည်ကိုးကွယ်မှုနှင့် ဆက်နွယ်သော နတ်ပူဇော်ပွဲများ ဖြစ်သည်။ ထိုများစွာသော လူမှုရေးပွဲ၊ ဘာသာရေးပွဲများ အနက် မရာမျိုးနွယ်စု တစ်ခုလုံးကို လွှမ်းခြုံသော ရွာသူရွာသားတစ်ရပ်လုံး ပါဝင်သော၊ ထင်ရှားသော ပွဲ (၄)မျိုးမှာ "LYUVA KHUTLA" (လေဗားခူးထလာ)၊ Pazita (ပယင်းသား)၊ Ladawdai (လားဒေါဒိုင်)၊ Khohnakia(ခေါင်နာကီယာ) တို့ဖြစ်သည်။ ထိုပွဲ(၄)မျိုး အနက် ယနေ့တိုင် နှစ်စဉ်နှစ်တိုင်းကျင်းပလျက် ရှိသော "LYUVA KHUTLA" (လေဗားခူးထလာ)ပွဲတော် အကြောင်း ဖော်ပြလိုပါသည်။

**တောင်ယာလုပ်ငန်းနှင့်ဆက်နွယ်သောပွဲတော်"LYUVA KHUTLA" (လေဗားခူးထလာ)**

ဤပွဲကို တောင်ကသစ်(Erythin arborescels) ပင်လုံးကျွတ် ဖူးပွင့်သောရာသီတွင် ကျင်းပလေ့ရှိသည်။ ပွဲတော်နှင့်ဆက်စပ်သော ကဗျာက ဤသို့ဆိုသည် -

(Chiahchipawthla Beipinosachala…,

Lei zaolao ta, thlaisa a lei e…)

(ဆီလျော်သော ဘာသာပြန်)

တောင်ကသစ်တို့ ဖူးပွင့်ဝေ

ပွဲတော်ချိန်ခါ ဆင်နွဲနေ

ပူလောင်ပြင်းပြ နေရောင်အောက်

မြူးကြွခုန်ပေါက် ပျော်ရွှင်စွာ

ချွေးရဲရဲစို ရေပမာ။

ရှေးမဆွကစ၍ ယနေ့တိုင် မရာမျိုးနွယ်စုများအတွက် တစ်ခုတည်းသော အသက်မွေးဝမ်းကြောင်းမှာ ရွှေ့ပြောင်း တောင်ယာလုပ်ငန်းဖြစ်သည်။ တစ်နှစ်လျှင် တစ်နေရာသို့ တောင်ယာပြောင်းခုတ်ပြီး အသက်မွေးဝမ်းကျောင်းလာခဲ့ ကြသည်။ ထို့ကြောင့် မိမိအသက်နှင့် သားသမီးများ၏ အသက်ကို တောင်ယာလုပ်ကွင်းနေရာနှင့် ရေတွက်လေ့ရှိသည်။ ပုံမှန်အားဖြင့် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် တောင်ယာခုတ်ပြီး မတ်လတွင် နေပူလှန်းကာ ဧပြီလတွင် တောင်ယာမီးရှို့ပြီး မေလတွင် မျိုးစေ့ကြဲသည်။

ဤပွဲကို တောင်ယာခုတ်အပြီး တောင်ယာမီး မရှို့မီ အားလပ်ရက်ဖြစ်သော မတ်လတွင် ကျင်းပလေ့ရှိသည်။ ဆင်းရဲချမ်းသာမရွေး ပျော်ရွှင်မြူးတူးစွာ ပါဝင်ဆင်နွဲကြ

သည်။တောင်ယာခုတ်သောအချိန်မှ တောင်ယာကောက်သစ်များ ရိတ်သိမ်းပြီးစီးသော အချိန်အထိ တစ်နှစ်ဟု ရေတွက်သည်။ ထို့ကြောင့် ဤပွဲတော်သည် တစ်နှစ်အတွက် မျိုးစေ့များ မကြဲမီ တောင်ယာသီးနှံများ အောင်မြင်နိုင်ရေးနှင့် ဆက်နွယ်သော ပွဲတော်လည်းဖြစ်သည်။ ပွဲတော်အတွက် ကျေးရွာရှိ အိမ်ထောင်မိသားစုတိုင်း ခေါင်ရည်များ ကြိုတင် ပြင်ဆင် ကြပြီး သတ်မှတ်ရက်တွင် တစ်ရွာလုံး စုပေါင်းပါဝင်ကျင်းပ ကြသည်။ တစ်ရွာလုံးစုပေါင်း ကျင်းပရန် နေရာအတွက် ကျေးရွာအတွင်းရှိ ကြွယ်ဝချမ်းသာသော အိမ်ထောင်ဦးစီးကို ပထမရွေးချယ်ပြီး ပွဲရှင်အဖြစ်သတ်မှတ်သည်။ မရာဘာသာ စကားဖြင့် Aziko(ပိုင်ရှင်)ဟု အမည်ပွာယ်ရသည်။ နွားနောက်၊ နွား၊ ကျွဲ၊ ဝက်များသတ်၍ ခေါင်ရည်များဖြင့် ပျော်ရွှင်စွာ စုပေါင်း၍ အတူစားသောက် ကြသည်။

ပွဲမစမီ ကျေးရွာရှိ လူပျိုအပျိုများက ရွာလယ်လမ်းမ ပေါ်တွင် “ပခူးပီးအက” (Pakhupila)နှင့် “ပခူးသီချင်း” များ ဆိုပြီး ပျော်ရွှင်စွာကကြသည်။ ပွဲတော်ကျင်းပနိုင်ရန် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ပွဲတော်ဖွင့်ပွဲ ကဲ့သို့ဖြစ်သည်။ “ပခူးပီးအက”(Pakhupila)နှင့် ပခူးသီချင်းသည် အခြားသော နွေ၊ လ၊ ရာသီများတွင် မဆို၊ မက အပ်သော

သီချင်းနှင့် အကဖြစ်သည်။ ဤပွဲတော်တစ်ခုတည်း၌သာ ဆိုရ၊ ကရသော သီချင်းနှင့်အကများဖြစ်သည်။

ပွဲတော်ရက်များအတွင်း အပျို၊ လူပျိုများသည် ရွာတွင်းရှိ ချမ်းသာသော အိမ်ထောင်တစ်အိမ်ပြီး တစ်အိမ်ပြောင်းကြသည်။ မိမိတို့အိမ်သို့ အလည်ရောက်လာသော အပျို၊ လူပျိုများအား အိမ်ရှင်မှ ဝက်သတ်ပေးပြီး ခေါင်ရည် လုံလုံလောက်လောက် ပြင်ဆင်ဧည့်ခံရသည်။ ခေါင်ရည်နှင့် အသားများကုန်သောအခါ အပျို၊ လူပျိုများသည် အခြားချမ်းသာသော မိသားစုအိမ်ထောင်သို့ ပြောင်းရွှေ့ရပြန်သည်။ အပျိုလူပျိုများသည် ထိုကဲ့သို့ တစ်အိမ်ပြီး တစ်အိမ်လှည့်လည်ကာ အတူစား၊ အတူသောက်၊ အတူသီချင်းဆိုကာ ပျော်ရွှင်စွာ ပွဲတော်ကျင်းပလေ့ရှိသည်။ ပွဲတော်ရက်တိကျစွာ ကန့်သတ်ခြင်းမရှိပေ။ ခေါင်ရည်နှင့် အစားအသောက်ပေးလှူသော အိမ်ထောင်အနည်းအများပေါ်မူတည်သည်။ ပုံမှန်အားဖြင့် (၆)ရက်မှ (၇)ရက်အထိ ကျင်းပလေ့ရှိသည်။ ဤပွဲသည် လူမှုရေးအလွှာမခြား၊ ဆင်းရဲချမ်းသာမရွေး၊ မျိုးနွယ်စုအလွှာမခြား၊ ဘာသာရေး အငွေ့အသက်ကင်းပြီး တောင်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းသော လူထုတစ်ရပ်လုံးပျော်ရွှင်စွာ အတူပါဝင်ကျင်းပသော ရိုးရာလူမှုရေးသီးသန့်ပွဲဖြစ်သည်။

ပွဲတော်ရက်ကုန်ဆုံးသောအခါ တောင်ယာမီးရှို့ပြီး ပုံမှန်အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်သော မိမိတောင်ယာ စိုက်ခင်းကိုယ်စီသို့ တစ်နှစ်လုံးပင်ပန်းစွာ ပြန်လည်ရုန်းကန်ကြရလေတော့သည်။

## “ရှေးရိုးရာအလှ ထားဝယ်ယန်းအက”

မြန်မာမျိုးနွယ်စုဝင် ထားဝယ်လူမျိုးများ အခြေချနေထိုင်သည့် “ထားဝယ်ဒေသကြီးသည် တောင်ငါးလုံးကာရံခိုရာဇဗြိုဟ်ပြည်လို”ဟု ရှေးလူကြီးများကတင်စားဂုဏ်ယူခဲ့သည့် ထားဝယ် မြို့တော်ကြီးမှာ မြန်မာပြည်တောင်ဘက်စွန်း တနင်္သာရီကမ်းရိုးတန်းတွင် တည်ရှိပြီးရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ် ထုံးဓလေ့များကျေးလက်ဂီတနှင့် အဆိုအကတို့ ကြွင်းကျန်ရာဒေသကြီး တစ်ခုပင်ဖြစ်ပါသည်။

လူမျိုးအလိုက်နယ်ပယ်အလိုက် ယဉ်ကျေးမှုများနှင့်ထုံးတမ်း ဓလေ့တို့မှာလည်း တစ်မျိုးတစ်ဖုံစီကွာခြားမှုရှိလာသည်။ ထို့အတူ ထားဝယ်ဒေသ၏ဒေသသုံး စကား၊ စာပေ၊ ဝေါဟာရများ၊ ပုံပြင်၊ ကိုယ်ပိုင်ကျေးလက်ဂီတသီချင်းနှင့် အကတို့မှာလည်း တစ်မူထူးခြားလျက်ရှိပေသည်။

ယနေ့မြန်မာ့စာပေသမိုင်းစာမျက်နှာတွင် အရိပ်သဖွယ်ထင်ဟပ်လျက်ရှိသည့် ဒိန်းသံ၊ ဒိန်းသီချင်းများ၊ တို့မှာလည်း ကုန်းဘောင်ခေတ် ကတည်းကပင်တိုင်းရင်းသားတို့ ဂီတအနုပညာ ယဉ်ကျေးမှုချင်းနှီးနှောဖလှယ်မှုများ ရှိကြသည်ဟု ဆိုရာ၌ မြန်မာ

ပြည်မသားတို့သည် ထားဝယ်ဘက်မှ ဒိန်းသီချင်းများကို လည်းကောင်း၊ တိုင်းရင်းသားရိုးရာ မွန်သီချင်းများ၊ ကရင်ဩသံသီချင်းများကို မြန်မာမှုပြုခဲ့ကြပြီး သာယာဝတီမင်းလက်ထက် သက္ကရာဇ် (၁၂၀၃) ခုနှစ်တွင် အလေးအမြတ်ထားကာ ထင်ရှားစွာ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ယနေ့ခေတ်တွင် ပညာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း ပိုမိုရင်းနှီးချစ်ခင်လာစေရန် အခြေခံပညာကျောင်းသုံး စာအုပ်များတွင် ထားဝယ်ကျေးလက်ရိုးရာဒိန်းသံများ (Tavyans Folk Song) ဟူ၍ အဆင့်မြင့်ပညာကဏ္ဍ (Local Needs) သင်ခန်းစာများတွင် လေ့လာနိုင်ရန် ပြဋ္ဌာန်းခဲ့ကြပါသည်။

“ထားဝယ်ဒေသကြီးတွင် ရေပန်းစားလူကြိုက်များလှသော ထားဝယ်ဒိန်းသံ၊ ဒိန်းသီချင်းများ၊ ဒိုင်းအကများ၊ ရှေးထားဝယ်ယန်းအကများ၊ ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ပုံပြင်များ၊ ဒေသိယစကားစာပေဝေါဟာရများ၊ သံချပ်များ၊ အမျိုးသမီး ဒုံးယိမ်းအကများ၊ အမျိုးသား ဒုံးထမ်း



ရှေးထားဝယ်အမျိုးသား၊အမျိုးသမီးယန်းအကဟန်များ




ရှေးထားဝယ်အမျိုးသမီးယန်းအကဟန်များ




ရှေးထားဝယ်အမျိုးသမီးယန်းအကဟန်

သိုင်းကွက် ဖော်အကများသည် ထားဝယ်ဒေသ၏ သမိုင်းကြောင်းကို ကွင်းကွင်းကွက်ကွက် ထင်ရှား

ပေါ်လွင်စေနိုင်သော နောက်ခံ ပန်းချီကားချပ်ပမာ နှစ်ပေါင်း(၃၀၀)ကျော်ခန့်လောက် ကတည်းကပင်ရှိနှင့် နေခဲ့ပါသည်” ဟုသမိုင်းပညာရှင်များကပင် လက်ခံ အတည်ပြုထားခဲ့ကြပါသည်။

ထားဝယ်(ယန်း)အကသည် ရိုးရာနတ်ကိုးကွယ်မှု များကိုအခြေတည်၍ ပေါက်ဖွားလာခြင်း ဖြစ်သည်ဟု ဆိုခဲ့ကြပါသည်။ ယခုအချိန်တွင် (ယန်း)အကသည် ထားဝယ်ဒေသကြီးနှင့် အဆက်အသွယ်ပြတ်နေသည်မှာ နှစ်ပေါင်း(၇၀) ကျော် (၈၀)နီးပါးခန့် ရှိနေလောက်ပြီဟု ခန့်မှန်းခဲ့ကြပါသည်။ ယန်းအကနှင့် ပတ်သက်၍ ရှေးထားဝယ်လူကြီးတစ်ဦးက “ဆင်းရဲပါတယ်ဆိုကာမှ (ယန်း) ကရပြန်တော့မယ်လို့” ညည်းတွားပြောဆို ခဲ့ဖူးပါသည်။ ထားဝယ်ဒေသကြီး၌ ပေါ်ပေါက်လာ ခဲ့သော ယန်းအက၏သက်တမ်းကိုတွက်ဆကြည့်လျှင် နှစ်ပေါင်း (၃၀၀) ကျော်ခန့်လောက်ကပင် နေပါလိမ့် မည်ဟု သုတေသီများက ခန့်မှန်းခဲ့ကြပါသည်။ အများအားဖြင့် (ယန်း)အကကို လူများမကျန်းမမာ ဖြစ်သောအခါ နတ်ပွဲများဖြင့် ပူဇော်ပသရာတွင် လည်းကောင်း၊ အလှူတော်မင်္ဂလာပွဲများ၊ ထီးတော် တင်ပွဲ၊ ထမနဲထိုးပြိုင်ပွဲ၊ ဘုန်းကြီးပျံပွဲများတွင် လည်းကောင်း ကပြကြလေ့ရှိပါသည်။

## ယန်းအက၏ထူးခြားသောဝိသေသများ

(ယန်း)အကကို ကကြသည့်အခါ ခြေဖျားများကို "ကြွလေ့"ထောက်လေ့မရှိကြပါ။ ခြေဖျားကိုထောက်ပြီး ဖနှောင့်ကိုသာကြွသည့်အခါကြွ၊ လက်ဝါးကိုတပြန့်တည်း ထားကာ စုံယူပြီး (ဒိန်းသံ) သီချင်းသွား၏အတက် အကျအလိုက် ဖြည်းဖြည်းငြိမ့်ငြိမ့် ဘယ်မှညာ၊ ညာမှ ဘယ်သို့ ဒူးကိုညွတ်၍ ယိမ်းပြီး ကပြရသော အက တစ်မျိုးဖြစ်ပါသည်။ ရှေးမွန်အကနှင့် နှိုင်းယှဉ်ကြည့်လျှင် ရှေးမွန်အကများတွင် ခြေဖနှောင့်ကို ထောက်ပြီး ခြေဖဝါးနှင့် ကြမ်းကိုပုတ်ကာ စည်းဝါးလိုက်ရသည့် အကများလည်းရှိပါသည်။ မွန်အကများကဲ့သို့ ဒူးထောက် ပြီးထိုင်ရာမှ တီးလုံးတေးသွား အလိုက် တစ်စ-တစ်စ ကိုယ်၊ လက် ၊ ခေါင်း၊ ခါး ကို ညွတ်ကာ၊ ယိမ်းကာဖြင့် တရွေ့ရွေ့ကပြကြရင်း မတ်တပ်ရပ် သွားရသည့်အက အနေထားမျိုးမဟုတ်ပါ။

(ယန်း)၏ အခြေခံမူလပထမမှာ မတ်တပ်ရပ် သည့် အနေအထားမျိုးမှအစပျိုးပြီး ကရမည်ဟု နည်းစနစ်စံများ ပြဆိုထားပါသည်။ တငြိမ့်ငြိမ့် တအေးအေး သယ်ဆောင်ယူသွားသည့် ဒိန်းသီချင်း အသံနှင့်အတူ လက်နှစ်ဖက်ကို ဘေးသို့ချလျက်ရှိရာမှ တေးသံဖြန့်ကာ "စုံယူပုံ၊ ရွေ့ပုံ၊ ကူးပုံ" တို့မှာလည်း "အစိပ်အကျဲ" ညီညာလှပါသည်။ (ယန်း)အကမှာ

မွန်အကများကဲ့သို့ မစိပ်လှပါ။ ရိုးရိုးရှင်းရှင်းအေးအေး ငြိမ့်ငြိမ့်လေးနှင့် ကူးပြောင်းသွားရခြင်းမျိုးဟု ဖွင့်ဆို ထားပါသည်။

## (ယန်း) အက၏မူဒြာလက်ဟန်များ

(ယန်း)အကတွင် လက်နှစ်ဖက်ကိုစုံယူကာ အညီအညွတ်ရွေ့ပုံ ယိမ်းပုံကို အခြေပြု၍ ကကြရသော ကကြိုးနှင့် လက်နှစ်ဖက်ကို “လက်ဝါးပြား” အလိုက် ယူကာ အထက်-အောက် အနေအထားခွဲပြီး ကိုယ်ကို ကော့ကာ ယိမ်း၍ ကရသော (နတ်အကဆန်ဆန်) ကကြိုးဟူ၍ ကကြိုး နှစ်မျိုးရှိပါသည်။ ပထမ ကကြိုးကို ကျေးလက် ပျော်ပွဲရွှင်ပွဲများ၊ ထီးတော်တင်ပွဲများ၊ ထမနဲထိုးပြိုင်ပွဲ၊ အလှူမင်္ဂလာပွဲ၊ ဘုန်းကြီးပျံပွဲ စသည့် အခမ်းအနားများတွင် ကပြလေ့ရှိကြပါသည်။ ဒုတိယ ကကြိုးသည် နတ်ပွဲများ ခင်းကျင်းသောအခါ နတ်ကတော်များ နတ်ပူဇော်ပသသူ အမျိုးသမီးများက ဝင်ရောက် ကခုန်လေ့ရှိကြသည့် အကဖြစ်ပါသည်။



ရှေးရိုးရာအလှ ထားဝယ်ယန်းအကဟန်

D/mai than myint



ရှေးရိုးရာအလှ ထားဝယ်ယန်းအကဟန်



(၇၃)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားတွင်
တင်ဆက်ဖျော်ဖြေခဲ့သောထားဝယ်ရိုးရာ ယန်းအကအလှ



(၇၃)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားတွင်
တင်ဆက်ဖျော်ဖြေခဲ့သောထားဝယ်ရိုးရာ ယန်းအကအလှ

## ဝတ်စားဆင်ယင်မှုအသွင်

အမျိုးသားများသည် တောင်ရှည်ပုဆိုး၊ သိုရင်း အင်္ကျီအဖြူ၊ (ဖော့လုံးဖြူဗောင်း) ပိုးပုဝါများကိုပေါင်း၍ (ဒိန်း)အလိုက် ပင်တီးကွက်ခံပြီး လက်ဝါးနှစ်ဖက်ကို တပြေးတည်းစုံယှုပြီး တငြိမ့်ငြိမ့် နှင့်လှုပ်ရှား ကပြလေ့ ရှိကာ ခြေလက်ကဟန် ချိုးဟန်များမှာ တစ်မျိုး တစ်ဖုံ ရှိကြပါသော်လည်း ရှေးမြေဝိုင်းကဟန်၊ ဗုံကြီးသံ ကဟန်တို့နှင့် အဆင်တူလှပါသည်။ အမျိုးသမီးများကမူ ပုဝါရှည်ကိုခါး၌ သော်လည်းကောင်း၊ ရင်စည်း၍သော် လည်းကောင်း ကပြလေ့ရှိကြပါသည်။

အချုပ်အားဖြင့်ဆိုရသော် နှစ်ပေါင်း(၈၀)ခန့် နီးပါး တိမ်မြုပ်ပျောက်ကွယ်ဆဲဟုဆိုရသည့် ရှေးရိုးရာ ယန်းအကသည် ယနေ့အခါတွင် ထားဝယ်ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အဖြစ် တူးဆွဖော်ထုတ် ထုဆစ်အသက်သွင်းကာ နိုင်ငံတော် အသိအမှတ် ပြုစံနှုန်းဖြင့် ပြည်ထောင်စုတိုင်းရင်းသားတို့၏ ရိုးရာ ယဉ်ကျေးမှုအကများအနက် ထားဝယ်တိုင်းရင်းသား

ရှေးရိုးရာယန်းအကအဖြစ် ကမ္ဘည်းမှတ်ကျောက်တင် နိုင်ခဲ့ပါသည်။

## ပကောင်းဝတ်(ခေါ်) ဝတ်ပန်းပူဇော်သည့် မွန်ဓလေ့

မွန်တိုင်းရင်းသားလူမျိုးတို့သည် ထေရဝါဒဗုဒ္ဓဘာသာကို အလွန်လေးနက်ကိုင်းရှိုင်းသော လူမျိုးဖြစ်ပါသည်။ မွန်တိုင်းရင်းသားလူမျိုးဖြစ်သည့် (တပု၊ တဗဝ်) ခေါ် တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့ မြတ်စွာဘုရားကို ဖွေ့ဆော်ဦး ဖူးမျှော်ရပြီး ပထမဦးဆုံး ဥပသကာဖြစ်ခဲ့ပါသဖြင့် အစဉ်အလာအဆက်ဆက် ဗုဒ္ဓဘာသာကို လွန်စွာပင်ကိုင်းရှိုင်းကြသည့်အားလျော်စွာ အခြားတိုင်းရင်းသားများထက် တမူထူးခြားသည့် ပကောင်းဝတ် (ခေါ်) ဝတ်ပန်းပူဇော်သည့် ဓလေ့ကို တင်ပြခြင်းဖြစ်ပါသည်။

မွန်ဘုန်းတော်ကြီးကျောင်းများတွင် ညနေ(၆)နာရီ အချိန်နှင့် နံနက်အရုဏ်တက်ချိန် (၄)နာရီအချိန်တွင် ရဟန်းသံဃာ တော်များစုပေါင်းပြီး ဘုရားရှိခိုးကန်တော့ကြပါသည်။ ဘုရားရှိခိုးကန်တော့သည်ကို မွန်တို့အခေါ် (တိုန်ဝတ်)ဟု ခေါ်ပါသည်။ မြန်မာအဓိပ္ပာယ် ဝတ်တက်သည်ဟု ခေါ်သကဲ့သို့ ဝတ်ရွတ်သည်ဟုလည်း အဓိပ္ပာယ်ရပါသည်။ သံဃာတော်များ ဝတ်တက်လျှင် ပူဇော်ရန် အတွက် ညနေအေး(၄)နာရီအချိန်တွင် ပန်းမျိုးစုံကို သက်ကြီး ရွယ်အိုကလေးလူငယ်များပါ သွားရောက်ပို့ကြပါသည်။









ထိုသို့ သွားရောက်ပို့သောပန်းကို ပကောင်းဝတ်(ခေါ်) ဝတ်ပန်းဟုခေါ်၍ ထိုသို့သံဃာတော်များ ဝတ်တက်လျှင် ပူဇော်ရန် ပန်းများပေးပို့ လှူဒါန်းခြင်းဖြင့် ဝတ်ပန်းပူဇော်ခြင်း ဓလေ့ ပေါ်ပေါက်လာပါသည်။ ဘုရားဝတ် ပန်းပို့ရာတွင် သက်ကြီးရွယ်အို ဘိုးဘွားများက တစ်နှစ်ပတ်လုံး အခါခွင့်သာ သလို ပို့ဆောင်ပူဇော်ကြသော်လည်း လူငယ် ကလေးများ သည် ဝါတွင်းဥပုသ်ကာလတွင်သာ လာရောက်



ပူဇော်ကြပါသည်။



ဝတ်ပန်းအတွက် အဓိကပန်းများမှာ ရှေးယခင်က စကြာပန်း၊ ငွေပန်း၊ ရောင်စုံရွက်လှပန်းများ ဒီဇိုင်းအမျိုးမျိုး အရောင်အမျိုးမျိုးသီကုံးကာ ပူဇော်ကြပါသည်။ ယခုခေတ်တွင် မြို့ကြီးမှလာသော မေမြို့ပန်း၊ ဂန္ဓမာပန်း၊ လီလီပန်း၊ ပန်းတိမ်ငို ပန်းများလည်း ပို့ဆောင်ပူဇော်လာကြပါသည်။ ဝတ်ပန်းပို့ ပူဇော်သည့် ကလေးငယ်များသည် ဘုန်းကြီးကျောင်းများ သို့ရောက်လျှင် ဘုရားကျောင်းဆောင်တွင်ရှိသော ပန်းအိုး အဟောင်းများကို ရေသန့်စင်ပြီး ပန်းအသစ်များလဲလှယ် ပူဇော်ပြီး ဆရာတော်ကြီးမှ အလှည့်ကျတာဝန်ပေးထားသော သာမဏေကိုရင်လေးမှ သီလပေး၊ တရားဒေသနာအကျဉ်းချုပ် ချီးမြှင့်တော်မူပါသည်။



D/mai than myint

အခါခွင့်သင့်သလို ဆရာတော်ကြီးက ဝတ်ပန်းပို့ကလေးများကို စားဖွယ်များစွန့်ကြဲလေ့ ရှိပါသည်။ သက်ကြီးရွယ်အို ဘိုးဘွားများက သီလခံယူပြီးလျှင် တရားဘာဝနာ ပွားများကြပါသည်။ ကလေးသူငယ်များက တံမြက်စည်းလှည်း၊ အမှိုက်ကောက်ကိစ္စများ သန့်ရှင်းရေး ဆောင်ရွက်ပြီးမှသာ ပြန်ကြလေ့ရှိပါသည်။

ဓမ္မဒေသနာတော်လာ သုမနော နာမ နာမေန မာလာကာရော အဟံတဒါအဒ္ဒသံ ဝိရဇံ ဗုဒ္ဓံ လောကာပဟုတိ ပဋိဂ္ဂဟံ...... အစချီသော ဓမ္မဒေသနာတော်လာ သုမနမည်သော ဆင်းရဲသားသည်၊ သိခီမြတ်စွာဘုရား ဒေသနာတော် လက်ထက်တွင် စံပယ်ပန်းရောင်းသော အလုပ်ဖြင့်အသက် မွေးဝမ်းကျောင်းရာ တစ်နေ့တွင် မြတ်စွာဘုရား ဒေသစာရီ ကြွလာတော်မူချိန် ကြုံခိုက်လက်နှစ်ဖက်ဖြင့် စံပယ်ပန်းများကို မြတ်စွာဘုရာအား ဆက်ကပ်ပူဇော်ခဲ့သော စေတနာအကျိုး ကြောင့် အပ္ပာယ်လေးပါးမှ ကင်းဝေးပြီး ဘဝလေးဆယ် စကြာဝတေး မင်းစည်းစိမ်ခံစားရပြီး ဂေါတမမြတ်စွာဘုရား သာသနာတော်တွင် ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါး၊ သမာပတ်ရှစ်ပါး ရရှိတော်မူသည်ဟု ဥဒါန်းရင့်ကျူးသည့် သာသနာတော်အတိုင်း မွန်တိုင်းရင်းသားတို့သည် နေ့စဉ် နေ့တိုင်း ဝတ်ပန်းပူဇော်ခြင်းကို လုပ်ဆောင်ကြပါသည်။

အထက်ဖော်ပြပါ ဝတ်ပန်းပူဇော်သည့်ဓလေ့သည် ခေတ်၏အချိန်အခါအရ အချို့ဒေသတွင် တိမ်ကောသော်လည်း မွန်ပြည်နယ် ပေါင်မြို့နယ်၊ဇင်းကျိုက်၊ သပြုချောင်၊ မိုးနိုင်း၊ ကဒါ၊ ကဒုံစီး၊ ထန်းပင်ချောင်ကြီး အစရှိသည့် ကျေးရွာများသည် ယနေ့တိုင် ပူဇော်သည့်ဓလေ့ ရှိနေပါသေးကြောင်း လာရောက်လေ့လာ သဒ္ဒါပွားနိုင်ရန် တင်ပြအပ်ပါသည်။

# ကမန်လူမျိုးတို့၏ အမည်ပေးကင်ပွန်းတပ်မှု၊ လက်ထပ်ထိမ်းမြားမှုနှင့်ဆိုင်သောယဉ်ကျေးမှု

ရခိုင်ပြည်နယ်အတွင်းရှိ ကမန်လူမျိုးတို့၏ အမည်ပေးကင်ပွန်းတပ်မှု၊ လက်ထပ်ထိမ်းမြားမှုနှင့် ဆိုင်သောယဉ်ကျေးမှု၊ ပူးပေါင်းဆောင်ရွက်မှုစသည့် အကြောင်းအရာများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

## အမည်ပေးကင်ပွန်းတပ်မှု

ကမန်လူမျိုးများ၏ အမည်များမှာ ရှေးယခင်ကပင် ရခိုင်အမည်များကဲ့သို့ပင်ဖြစ်ပါသည်။ မိဘများအနေဖြင့် သားသမီးများအား အမည်ပေးသောအခါ မိမိ၏ မိဘဘိုးဘွားများ အမည်နှင့် စပ်ကာအမည်ပေးကြပါသည်။ အမည်ပေးကင်ပွန်းတပ်မင်္ဂလာပွဲများအား ရှေးယခင်ကပင် ယခုထက်တိုင် ပြုလုပ်ကြပြီး အကျွေးအမွေးဖြင့် တည်ခင်းဧည့်ခံလျက်ရှိပါသည်။ ယခုအခါ အချို့မိဘများအနေဖြင့် မြန်မာဆန်သောအမည်များကို ပေးလာကြပြီး ကင်ပွန်းတပ်မင်္ဂလာဧည့်ခံပွဲများအားလည်း ယနေ့ထက်တိုင် ပြုလုပ်လျှက်ရှိနေကြပါသည်။

## လက်ထပ်ထိမ်းမြားမှုနှင့်ဆိုင်သောယဉ်ကျေးမှု

ကမန်လူမျိုးတို့၏ ထိမ်းမြားလက်ထပ်မှု အပိုင်းကို တင်ပြရသော် ရှေးယခင်လက်ထပ်ခဲ့ကြသော အစဉ်အလာ များကို ဦးစွာတင်ပြလိုပါသည်။ သတို့သမီး မိဘများနှင့် သတို့သားမိဘများသည် သားသမီးအခြေအနေကိုလိုက်၍ မိဘ၊ သားသမီးနှစ်ဦးနှစ်ဖက်သဘောကျ လူငယ်ပိုင်းကို ကြည့်ပြီး ဦးစွာရပ်ရွာဓလေ့အတိုင်း နားဖောက်ကြရသည်။ ပဏာမညှိနှိုင်းမှုတွင် သဘောတူညီချက်ရရှိပြီးမှ တရားဝင် စေ့စပ်ကြောင်းလမ်းသည့်နေ့တွင် သတို့သားရှင်များမှ သတို့သမီးရှင်အိမ်သို့ သွားရောက်ကာ ဖိတ်ကြားထားသော ရပ်ရွာလူကြီးများရှေ့၌ မိမိသားအတွက် ချွေးမအား တရားဝင်တောင်းရမ်းကြပါသည်။ သတို့သမီး မိဘများမှ သဘောတူညီမှု ရပြီးသောအခါ တရားဝင်လက်ထပ် ထိမ်းမြားရန် နေ့ရက်သတ်မှတ်ကြပါတော့သည်။

ရှေးကမန်လူမျိုးတို့သည် မင်္ဂလာထိမ်းမြားမှုအား (၄)ရက်သတ်မှတ်ထားကြပြီး ပထမနေ့တွင် ရက်သင့်နံသင့် လူပျို၊ အပျိုများကို ဖိတ်ကြားကာ စီတန်းလျက် လုံမပျို ကွမ်းတောင်ကိုင် မိန်းကလေးအား ဦးဆောင်စေကာ တစ်ရွာဝင်တစ်ရွာထွက် ဖိတ်ကြားကာ စီတန်းလှည့်လည် သွားကြရပါသည်။ စုရပ်အဖြစ်သတို့သားအိမ်တွင် သတ်မှတ်

ထားပြီး လာရောက်သူမှန်သမျှအား သတို့သားရှင်အိမ်မှ ထမင်းများကျွေးမွေးပါသည်။ ကျွေးမွေးအပြီး စီတန်း လှည့်လည်သည့် မိန်းကလေးများ ထမ်းရွက်သွားမည့် ဆွမ်းအုပ်များတွင် ပန်းပွင့်များ၊ မုန့်များထည့်ကာ အဆင်သင့် စီစဉ်ချထားပေးပါသည်။ ကွမ်းတောင်ကိုင်မှ ဦးစွာထမ်းရွက် ထွက်ခွာပါမှ နောက်မှတန်းစီလိုက်ပါကာ အထက်ပါအတိုင်း တစ်ရွာဝင်တစ်ရွာထွက် သတို့သမီးအိမ်သို့ လှည့်ပတ် သွားကြခြင်းဖြစ်ပါသည်။

လှည့်လည်လိုက်ပါကြသူများသည် အတီးအမှုတ်၊ အကအခုန်များနှင့် မြိုင်ဆိုင်လှပြီး ရပ်ဆွေရပ်မျိုး၊ ဧည့်သည် များလည်း စုံလင်လှပါသည်။ သတို့သမီးရှင် အိမ်သို့ ရောက်လာကြသည်နှင့် ခရီးမရောက်မဆိုက်ပင် အချိုရည်များ တိုက်ကျွေးကြပါသည်။ ဤကဲ့သို့ပင် သတို့သမီးအိမ်တွင် စားသောက်ပျော်ရွှင်ကြလျက် အရွှံ့အစောင်း သံချပ်များ ထိုးကာ ပထမနေ့အစီအစဉ် ပြီးဆုံးသွားပါသည်။

မင်္ဂလာဒုတိယနေ့တွင် သတို့သားအိမ်နှင့် သတို့သမီး အိမ်တို့တွင် လာရောက်ကြသော ဆွေမျိုးမိတ်သင်္ဂဟများကို နံနက်ပိုင်းမှသည် ညနေပိုင်းသို့တိုင် မုန့်ဖက်ထုပ်များဖြင့် ဧည့်ခံကျွေးမွေးကြရပါသည်။

တတိယနေ့တွင် သတို့သားအိမ်နှင့် သတို့သမီးအိမ် ကိုယ်စီ၌ ရေခပ်၊ ရေချိုးပွဲများကို ပြုလုပ်ရန် နံနက်ပိုင်းမှ စ၍ ရပ်ရွာရှိ အပျို၊ လူပျိုများ လာရောက်စုရုံးကြသည်နှင့် ရေအိုးကိုယ်စီတွင် အညွန့်ပန်းများထည့်ကာ ရှေ့သွား နောက်လိုက် တန်း၍ မြို့၊ ရွာပတ်ဝန်းကျင်ရှိ ရေကန်များသို့ ရေခပ်သွားကြရပါသည်။ ရေခပ်အဖွဲ့များနောက်မှ အိုးစည်၊ ဒိုးပတ်၊ အကအခုန် များဖြင့် စုံစုံညီညီ ရေခပ်သွားကြခြင်း ဖြစ်ပါသည်။ သတို့သားအိမ်နှင့် သတို့သမီးအိမ်များမှ ဤကဲ့သို့ တခြားရပ်ကွက်များသို့တိုင် အသီးသီးအဖွဲ့ဖွဲ့ သွားကြခြင်းမှာ မိမိတို့၏ အလှအပ၊ အက၊ ပသာဒဆိုသော အနုပညာယဉ်ကျေးမှု၊ လူမှုရေးဓလေ့ ထုံးတမ်းကောင်းများကို ရပ်ရွာ၊ ရပ်ကွက်၊ မြို့နယ် အတွင်းရှိ လူများလေ့လာကြည့်ရှုနိုင်ရန်ဖြစ်ပါသည်။

ရေခပ်ရာမှအပြန် သက်ဆိုင်ရာ အိမ်အသီးသီးသို့ ရောက်သောအခါ သတို့သားအိမ်၌ လူပျိုရံ(၇)ဦးမှ ခပ်လာသော ရေများကို သတို့သားအား ဝိုင်းဝန်းချိုးပေးကြပြီး သတို့သမီး အိမ်တွင်လည်း ခပ်လာသော ရေများကို သတို့သမီး အပျိုရံ(၇)ဦးက သတို့သမီးအား ရေချိုးပေးရပါသည်။

အိမ်အသီးသီးတွင် ဆင်ယင်အပြီး ထမင်းလက်ဆုံ ဝိုင်းဖွဲ့စားသောက်မှုများလည်း ရှိကြပါသည်။ အထူးသဖြင့် မင်္ဂလာမြောက်အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်

မြိုင်ဆိုင်စွာ တီးမှုတ်ကြပြီး မင်္ဂလာသီချင်းများ သီဆိုကြပါသည်။ မင်္ဂလာပွဲသို့ လာရောက်ကြသော ဧည့်ပရိတ်သတ်များအား တစ်နေ့လုံး မုန့်များ၊ အဖျော်ယမကာများ တိုက်ကျွေးဧည့်ခံပါသည်။ မင်္ဂလာပွဲကို မင်္ဂလာရှင် အိမ်နှစ်အိမ်စလုံးတွင် ပြုလုပ်ကြရပြီး ညနေပိုင်းသို့ရောက်သောအခါ သတို့သားအိမ်ရှင်မှ ဖိတ်ခေါ်ကြွရောက်လာသော လူကြီးများ၊ လူပျိုများ၊ အပျိုများတို့သည် တရားဝင်လက်ထပ်မှုကို ပြုလုပ်ကြရန် သတို့သမီးအိမ်ဆီသို့ သွားကြပါသည်။ မင်္ဂလာအိမ်သို့ မရောက်မီ လမ်းတစ်လျှောက်တွင် ရွှေဆွဲကြိုး၊ ငွေဆွဲကြိုးများဖြင့် တားဆီးကာ မင်္ဂလာချီးမြှင့်ငွေအား တပျော်တပါး သုံးစွဲရန် တောင်းကြပါသည်။ သတို့သားရှင်နှင့် မိဘများက ထိုသို့တောင်းခံသည်ကို ရှေးရပ်ရွာဓလေ့ ပေးကမ်းမြဲရှိသည့်အတိုင်းသော်လည်းကောင်း၊ ပိုမိုစေတနာရှိလျှင် ရှိသလောက်ပေးကမ်းလေ့ရှိသည်။ သတို့သား၊ သတို့သမီးတို့ အိမ်ရောက်လာသောအခါ ရိုးရာဓလေ့အတိုင်း သတို့သမီးရှင်အိမ်မှ ခြေဆေးပေးကြပြီး ခြေဆေးခကို တပျော်တပါး တောင်းခံကြပါသည်။ လူကြီးပိုင်း၊ လူငယ်ပိုင်းများနှင့် ထပ်မံပေါင်းစပ်ပြီး သက်သေများ၊ ရှေ့နေများအဖြစ် တာဝန်သတ်မှတ်ပေးကာ တရားဝင်လက်ထပ်မှုပြုကြပါသည်။ နောက်နေ့များတွင် ရပ်ရွာဓလေ့အတိုင်း ရပ်မိရပ်ဖ၊ လူကြီးများထံကန်တော့ရန် နှစ်ပါးစုံလက်တွဲလျှက်သွားကြ

ပါသည်။ တစ်ချို့ဆွေမျိုးများမှလည်း ဖိတ်ခေါ်ကြကာ အထူးကျွေးမွေး ညှော့ခံကြပါသည်။ အထက်ဖော်ပြပါအတိုင်း ရိုးရာမပျက် ထိမ်းမြားခဲ့ကြသော ကမန်မျိုးနွယ်စုဝင် မင်္ဂလာရှင် အိမ်ထောင်စုများသည်လည်း တစ်လင် တစ်မယားစနစ်ကို ယနေ့တိုင် ကျင့်သုံးနေထိုင်လျက်ရှိကြ ပါသည်။

ခေတ်စနစ်များ ပြောင်းလဲလာသကဲ့သို့ ယခုအခါ ကမန်လူမျိုးများ မင်္ဂလာထိမ်းမြားမှုသည် မြန်မာဓလေ့ ထုံးတမ်း၊ ရခိုင်ဓလေ့ထုံးတမ်းများ ပြောင်းလဲလာသကဲ့သို့ အတူပြောင်းလဲကာ မင်္ဂလာရက်အား တစ်ရက်တည်းသာ သတ်မှတ်ထားကြပါတော့သည်။

## ပူးပေါင်းဆောင်ရွက်မှု

ရှေးယခင်ကပင် ရခိုင်ပြည်နယ်တွင် ကမန်လူမျိုး များနှင့် ရခိုင်လူမျိုးများသည် မိဘနှစ်ပါးမှ အတူပေါက်ဖွား လာကြသည့် ညီအကိုမောင်နှမများသဖွယ် မရှိအတူရှိအတူ၊ အေးအတူပူအမျှ အတူတကွနေထိုင်လာကြသည်။ ကျေးရွာ များတွင် လိုအပ်လျှက်ရှိသည့် လူမှုရေးလိုအပ်ချက်ဖြစ်သော ရေတွင်း၊ ရေကန်များ၊ ဇရပ်များ၊ တံတားများကို ကမန်လူမျိုး ငွေကြေးချမ်းသာသည့် ကုန်သည်မိသားစုများမှ သွားရောက်ကာ



တူးဖော်တည်ဆောက် လှူဒါန်းပေးလေ့ ရှိခဲ့ကြသည်။ ယခုတိုင် ရမ်းဗြဲမြို့နယ်ရှိ ကျေးရွာအနှံ့တွင် ထိုရေတွင်း ရေကန်များကို သောက်သုံးလျှက်ရှိနေကြပါသေးသည်။

မြို့နယ်အတွင်း ပေါ်ပေါက်လာသော အခြား အများအကျိုးပြု ပရဟိတလုပ်ငန်းများကိုလည်း ကျောသား ရင်သားမခွဲခြားဘဲ တစ်စိတ်တစ်ဝမ်းတည်း တက်ညီ လက်ညီဖြင့် ကူညီဖြေရှင်းလာခဲ့ကြသည်မှာ မြို့နယ်သမိုင်းက သက်သေပြနေပေသည်။ မြို့နယ်အတွင်းပေါ်ပေါက်လာသည့် ဘာသာရေး၊ လူမှုရေး၊ ပွဲလမ်းသဘင် များတွင်လည်းကောင်း၊ ကျောင်းများ၊ အလုပ်ဌာနများ၊ ပွဲလမ်းသဘင်များတွင် လည်းကောင်း ကျရာနေရာမှ တာဝန်မျိုးစုံတို့ကို ပူးပေါင်း ဖြေရှင်းလာကြသည်ကို ယနေ့တိုင် တွေ့ရှိနေကြရပါသေး သည်။

# အာခါတိုင်းရင်းသားလူမျိုးများဆင်းသက်လာပုံသမိုင်းကြောင်းနှင့် ကိုးကွယ်ယုံကြည်မှုအကြောင်း

အာခါတိုင်းရင်းသားလူမျိုးတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သော တိုင်းရင်းသားလူမျိုးစု (၁၃၅)မျိုးထဲမှ လူမျိုးစုတစ်စု ဖြစ်သည်။ သံလွင်မြစ်အရှေ့ခြမ်းတွင် နေထိုင်ကြပြီး လူဦးရေ နှစ်သိန်းပတ်ဝန်းကျင်ရှိသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ကျိုင်းတုံမြို့ကိုအခြေပြုပြီး တာချီလိတ်၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းဖြတ်၊ မိုင်းယောင်း၊ မိုင်းဆတ်၊ မိုင်းတုံစသည့်ဖြင့် (၁၀)မြို့နယ်တွင် ပျံ့နှံ့ နေထိုင်ကြသော်လည်း သံလွင်မြစ် အနောက်ဘက်ခြမ်းတွင်မူ မနေထိုင်ကြပေ။ အာခါတိုင်းရင်းသားလူမျိုးစုသည် တိဘက်တိုဘားမားဟုခေါ်သော တိဘက်မြန်မာ အုပ်စုဝင် ဖြစ်သည်။ အာခါတိုင်းရင်းသားတို့၏ အမည်အရင်းမှာ “အာခါ” ဖြစ်ပြီး၊ အခြားတိုင်းရင်းသားများက “အီကော” ဟုခေါ်ဆိုကြသည်။ အာခါလူမျိုးတို့သည် အဓိကအားဖြင့် ခရစ်ယာန်ဘာသာနှင့် ဗုဒ္ဓဘာသာကို ကိုးကွယ် ကြပြီး မိရိုးဖလာနတ်ကိုးကွယ်သူများလည်း အများအပြား ရှိသည်။

## အာခါတိုင်းရင်းသားလူမျိုးများဆင်းသက်လာပုံ သမိုင်းအကျဉ်း

အာခါလူမျိုးစုတို့၏ ဇစ်မြစ်ကိုလေ့လာသော် တရုတ်ပြည် သမိုင်းမှတ်တမ်းတွင် အေဒီ(၂)ရာစု ကတည်းက တွေ့ရသည်။ အာခါလူမျိုးတို့၏ မူရင်း ဒေသမှာ ယူနန်ပြည်နယ်ဖြစ်သည်။ ရှေးအာခါ အခေါ် (ဂျာဒယ်း) ယခုယူနန်ပြည်နယ် ၊ မိုးဂျားမြို့ဒေသ အေဒီ (၅)ရာစုနှစ် နောက်ပိုင်းတွင် မျိုးနွယ်စု တစ်ခုအဖြစ် သီးခြားရပ်တည်လာခဲ့သည်မှစ၍ ခက်ခဲကြမ်းတမ်းသည့် ပတ်ဝန်းကျင်မှ ရေကြည်ရာမြက်နုရာသို့ ပြောင်းရွှေ့ နေထိုင်ခဲ့ကြသည်။ အာခါလူမျိုးတို့၏ (ဂျာဒယ်း)ဒေသတွင် အေဒီ(၅)ရာစုနှစ်မှ (၁၀)ရာစုအထိ မြို့ပြတည်ထောင်၍ နေလာခဲ့ရာ၊ အေဒီ (၁၀) ရာစုနောက်ပိုင်းတွင် ပြောင်း ရွှေ့မှုကြီးရှိခဲ့သည်။ တရုတ်ပြည်တောင်ပိုင်း၊ ဗီယက်နမ် အနောက်မြောက်ပိုင်း၊ လောနိုင်ငံအလယ်နှင့်မြောက်ပိုင်း ဒေသ၊ မြန်မာနိုင်ငံရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ထိုင်းနိုင်ငံ မြောက်ပိုင်းဒေသများသို့ ပျံ့နှံ့နေထိုင်သွားခဲ့ကြသည်။ မြန်မာနိုင်ငံသို့ (၁၀)ရာစုကတည်းက ရောက်ရှိလာခဲ့ ကြောင်း ၊ အထူးဒေသ (၄)ရှိ အာခါရွာများဖြစ်ကြသော

ဘားဆာအာခါရွာ၊ အေးဇွေးအာခါရွာနှင့် အခြားရွာများစွာတို့က ရွာတည်နှစ်(၈ဝဝ)ကျော် ဖြစ်သည်ဟု သိရသည်။ တောင်ပေါ်နေတိုင်းရင်းသား အာခါလူမျိုးများသည် တောင်ပေါ်ဒေသ၌နေထိုင်ရခြင်း၏ အကြောင်းလေ့လာသော် ပတ်ဝန်းကျင်ရှိ လူမျိုးများ၏ အနိုင်ကျင့်မှုဒဏ်နှင့် နှောက်ယှက်ခြင်းဒဏ်မှ ကင်းလွတ်ခြင်း၊ တောင်ပေါ်ဒေသ၏ ရာသီဥတု၌နေပျော်ခြင်း၊ အာခါလူမျိုးများသည် သမိုင်းအရ အနောက်ပိုင်းဒေသသို့ အဆက်မပြတ်ရွှေ့ပြောင်းနေခြင်းကြောင့် မြေပြန့် ဒေသ၏ အပူဒဏ်ကိုမခံနိုင်ခြင်း၊ မြစ်ချောင်းဘေး နေရာဒေသများ၌ ဖြစ်လေ့ရှိသော ငှက်ဖျားရောဂါ ဒဏ်ကိုစိုးရိမ်းခြင်း၊ တောင်ပေါ်ဒေသ၌သာ ရွှေ့ပြောင်း တောင်ယာလုပ်ရန် သင့်လျော်ခြင်းတို့ကြောင့် ဖြစ်နိုင် သည်ဟုယူဆရသည်။

အာခါတိုင်းရင်းသားများသည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့သော လူမျိုးစုအုပ်စုကြီး (၃) ခုအနက် တိဘက်မြန်မာအနွယ်အုပ်စုဝင်ဖြစ်သည့် “လိုလိုမိုဆို”အုပ်စုဖြစ်သည်။ တိဗက်လွင်ပြင် မဲခေါင်မြစ်အတိုင်း တရုတ်ပြည်မှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့သည်။ အာခါလူမျိုးနွယ်ဝင်ဖြစ်သော အိမ်ထောင်စု

တိုင်းက အိမ်ထောင်ဦးစီး အမျိုးသားတိုင်းသည် မိမိတို့၏ မျိုးရိုးအစဉ်အဆက် အမည်မှတ်တမ်းကို အစဉ်အမြဲ မှတ်မိအောင် မှတ်သားထားရသည်။ ယဉ်ကျေးမှုသမိုင်း နှုတ်မှတ် မှတ်တမ်းအရ မျိုးဆက်ပေါင်း (၅၇)ဆက် ရှိနေပြီဖြစ်သည်။ မည်သည့်နေရာ ရောက်သည်ဖြစ်စေ မြို့သား၊ ရွာသားခွဲခြားမှုမရှိဘဲ မိမိလူမျိုးနှင့်တွေ့လျှင် မိသားစုနှင့်တွေ့သကဲ့သို့ ဖော်ရွေကြသည်။ အာခါလူမျိုး နွယ်ဝင် အမျိုးသား တိုင်းသည် မိမိတို့၏ မျိုးရိုးစဉ်ဆက် အမည်များကို မရွတ်ဆိုနိုင်ပါက အာခါအမျိုးသား သွေးချင်းအပေါ် သစ္စာမရှိသူဟု မှတ်ယူကြသည်။ အာခါတိုင်းရင်း သားတို့၏ မျိုးရိုးစဉ်ဆက် အမည်များ မှတ်သားရခြင်း ရည်ရွယ်ချက်များမှာ-

(၁) မိမိသည်မည့်သည့်မျိုးနွယ်ဝင်ဖြစ်ကြောင်း သိစေရန်

(၂) သားစဉ်မြေးဆက် မျိုးချစ်စိတ်ဓါတ်၊ ညီအစ်ကို စိတ်ဓါတ်ပျောက်ပျက်မသွားစေရန်

(၃) မောင်နှမချင်း ဆွေမျိုးရင်းချာ အချင်းချင်း အိမ်ထောင် မပြုမိစေရန်

(၄) ပျောက်လုနီးပါးဖြစ်နေသော ဆွေမျိုးဆက်များ ပြန်လည်ရှာဖွေရာတွင် လွယ်ကူစေရန်

(၅) မျိုးဆက်စာရင်း ရေတွက်ခြင်းဖြင့် မျိုးနွယ်စု သန့်ရှင်း၊ မသန့်ရှင်း ဝေခွဲနိုင်စေရန်တို့ဖြစ်ပြီး အမွေအနှစ် အဖြစ်လက်ဆင့်ကမ်းလာခဲ့သည်မှာ ယနေ့တိုင် ဖြစ်သည်။

အာခါတိုင်းရင်းသား လူမျိုးစုတို့သည် အနွယ် ပေါင်းမည်မျှရှိသည်ကို တိတိကျကျ မဖော်ပြနိုင် သေးပါ။ လက်လှမ်းမှီသရွေ့ ဖော်ပြရမည်ဆိုလျှင် မျိုးနွယ်ပေါင်း (၄၀) ကျော်ရှိမည်ဟုခန့်မှန်းရသည်။ အာခါလူမျိုးစစ် မစစ်ကို မျိုးဆက်အမည်စာရင်း ရေတွက်ကြည့်ပါက ရှင်းလင်းစွာသိရှိနိုင်ပေသည်။ မျိုးဆက်အမည်စာရင်း ရေတွက်ခြင်း၏ ဦးတည် ချက်မှာ-

(၁) အာခါလူမျိုးစစ်မှန်လျှင် အာခါမျိုးနွယ် အမည်စာရင်းကိုသိရမည်။
အချိန်မရွေးရေတွက် နိုင်ရမည်။

(၂) ရွာတစ်ရွာလျှင် မျိုးနွယ်တစ်နွယ်တည်း ဖြင့်ရွာမတည်ရ။ အနည်းဆုံးမျိုးနွယ် (၃)နွယ်ပါဝင် နေထိုင်ရမည်။

(၃) မျိုးနွယ် တစ်နွယ်ခြင်း၏ သားသမီးများ သည် အိမ်ထောင်ဘက် မပြုစေရ။ ပြုလိုပါက မျိုးဆက်(၇)ဆက် ကွာခြား စေရမည်။ မျိုးဆက် (၇) ဆက်မခြားဘဲ လက်ထပ်ခဲ့ပါက အမျိုးအနွယ်စာရင်း ထဲမှ ပယ်ဖျက်ခံရမည်ဖြစ်သည်။

(၄) မိမိအမျိုးနွယ်၏ အမည်စာရင်း မေ့ပျောက်၍ ပြန်လာကြသူများကို လက်ခံကြသော်လည်း သူတို့၏မျိုးဆက် အမည်စာရင်းသည် အာခါလူမျိုး၏ ဖခင်ကြီးဖြစ်သော ဂျွေထန်ဖန်မှ ပြန်လည် စတင်ရေတွက်စေရမည်။ အာခါလူမျိုးစု တို့သည် တစ်နေရာ၌တွေ့ဆုံ၍ မိတ်ဖွဲ့ ကြသောအခါ ရိုးရာယဉ်ကျေးမှုအရ လူအမည်ကိုတိုက်ရိုက်မေးမြန်းလေ့မရှိ။

နေရပ်လိပ်စာ၊ အမျိုးအနွယ်၊ အိမ်ထောင်ရှိ/မရှိ၊ သားသမီးရှိ/မရှိ၊ ဘယ်နေရာမှ ပြောင်းရွှေ့လာခဲ့ကြောင်း စသည်ဖြင့်မေးရသည်။ အာခါလူမျိုးတို့သည် အမည်ကို တိုက်ရိုက်မေးသော်လည်း ဖြေကြားလေ့မရှိ။ မိရိုးဖလာ အာခါဇန်းဘာသာကို ကိုးကွယ်သူ များသည် မိမိ၏ အမည်ကို အလွန်တန်ဖိုးထားကြသည်။ အမည်ကို သိလိုလျှင် အခြားသူထံမှ တစ်ဆင့် မေးမြန်းရသည်။ ဤသည်မှာ အာခါရိုးရာယဉ်ကျေးမှု တစ်ရပ် ဖြစ်သည်။




အာခါတိုင်းရင်းသားလူမျိုးစုနှင့်အတူလှေကားထစ်
စိုက်ခင်းအားတွေ့ရစဉ်

## အာခါတိုင်းရင်းသားလူမျိုးတို့၏ ကိုးကွယ်ယုံကြည်မှု

အာခါတိုင်းရင်းသားလူမျိုးတို့၏ ကနဦး ကိုးကွယ်မှု ဘာသာသည် အာခါရိုးရာဘာသာ (အဖွေပေါ်လေဘ်-အာခါဇန်း) ဘာသာဖြစ်သည်။ အာခါဇန်းဘာသာသည် အာခါလူမျိုးစုသာ သီးသန့် ကိုးကွယ်ရသော ဘာသာဖြစ်သည်။ အကယ်၍ အခြားသောလူမျိုးစုက အာခါဇန်းဘာသာ ကိုးကွယ် လိုပါက အာခါအနွယ်အဖြစ် ခံယူကြရသည့်ဓလေ့ ရှိခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဘိုးဘွားတို့၏ ဘုရားကို ကိုးကွယ်သောကြောင့် မျိုးရိုးဆက်ခံရခြင်း ဖြစ်သည်ဟု ယုံကြည်ကြသည်။ ယနေ့ခေတ်တွင် အာခါဇန်းဘာသာ အပြင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ ကိုးကွယ်သူများလည်းရှိလာကြသည်။ အာခါတိုင်းရင်းသား များသည် နေရာဒေသ၊ ကိုးကွယ်သည့်ဘာသာ မတူကြ သော်လည်း "အာခါ ချေးခါ ထီခါးမာ" အာခါလူမျိုးရှိသမျှ တအူထုံဆင်း မိသားစုဝင်များဖြစ်ကြသည်ဟု ခံယူ၍ ဂုဏ်ယူစွာ နှုတ်မြွက်ကြသည်။ အာခါတိုင်းရင်းသားလူမျိုး များသည် ရက်၊ လ၊နှစ် ရေတွက်ပုံနှင့် ရာသီပွဲတော်များ လည်းရှိကြသည်။ အာခါ တိုင်းရင်းသားတို့သည် ယခင်က

နတ်ကိုးကွယ်သူများ ဖြစ်ကြသည်။ ထို့နောက် ခရစ်ယာန်သာသနာပြုများ ရောက်ရှိလာပြီး ခရစ်ယာန် ဘာသာသို့ ကူးပြောင်း ကိုးကွယ်ခဲ့ကြသည်။



နတ်ပူဇော်ရာတွင် အသုံးပြုသည့် အသုံးအဆောင် ပစ္စည်းများ



အာခါအမျိုးသမီးများ နတ်ပူဇော်ရန် ပြင်ဆင်နေပုံ

ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်သူလည်း ရှိလာခဲ့သည်။

ကျိုင်းတုံမြို့နယ် ယန်းခကျေးရွာအုပ်စု၊ ဝမ်ဆန်ကျေးရွာနေ ဦးအာချိုး(ခ)ပူရှိနှင့် ဦးအားဒို (ခ) အိုက်ကျိုင်းတို့ညီအစ်ကိုမှ ၁၉၂၄ ခုနှစ် မတ်လ ၁၉ ရက်နေ့မှစတင်၍ ဗုဒ္ဓဘာသာသို့ စတင်ကိုးကွယ်လာ ကြောင်းသိရှိရသည်။ ၂၀၁၄ခုနှစ်၊ မတ်လတွင်နှစ်(၉၀) ပြည့်မြောက်ပြီဖြစ်ပါသဖြင့် အာခါလူမျိုးတို့ ဗုဒ္ဓဘာသာ ကိုးကွယ်ခြင်းနှစ် (၉၀) ပြည့် အခမ်းအနားကို ကျင်းပခဲ့ပါသည်။ ၁၉၉၉ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့မှ စတင်၍ အာခါဗုဒ္ဓဘာသာ စောင့်ရှောက် ရေးအသင်းကို ဦးအောင်စိုး ဦးဆောင်၍ဖွဲ့စည်းခဲ့ပါသည်။ ယခုလက်ရှိတွင် အဆိုပါအသင်း၌ ဦးအာဆို့က ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၀ပြည့်နှစ်မှ စတင်၍ ဗုဒ္ဓဘာသာခံယူပွဲအခမ်းအနားများ ကျင်းပ လျက်ရှိသည်။

ရှမ်းပြည်နယ် အရှေ့ပိုင်းသို့ ကက်သလစ်ခရစ်ယာန်သာသနာ ၁၉၁၁ ခုနှစ်တွင်လည်းကောင်း၊ နှစ်ခြင်းခရစ်ယာန်သာသနာသည် (၁၉၀၁) ခုနှစ်တွင် လည်းကောင်း ရောက်ရှိလာသဖြင့် နတ်ကိုးကွယ်သူ အာခါ၊ လားဟူ၊ ဝတိုင်းရင်းသားများလည်း ခရစ်ယာန်ဘာသာဝင်များဖြစ်လာကြသည်။ အာခါရွာတစ်ရွာ

ဖြစ်သောကျိုင်းတုံရှိ ဝေါ်နိမ့်အာခါရွာသည် တစ်ရွာလုံး နီးပါး ကက်သလစ်ဘာသာဝင်များ ဖြစ်ကြပြီး ရွာစတင်တည်ထောင်ခြင်း (၇၅)နှစ်ပြည့်စိန်ရတုကို ၂၀၁၄ ခုနှစ် မေလတွင် ကျင်းပခဲ့ပါသည်။ ရွာစတင် တည်ထောင်စဉ်ကပင် ကက်သလစ်ဘာသာဝင် အာခါ များဖြစ်ပါသည်။

အာခါတိုင်းရင်းသားများတွင် ခရစ်ယာန် သာသနာနှင့်ဗုဒ္ဓဘာသာသို့ ကူးပြောင်းသက်ဝင် ယုံကြည် သော်လည်း နတ်ကိုးကွယ်သူ၊ နတ်စား အာခါများမှာ အများဆုံးဖြစ်ပါသည်။ နတ်ကိုးကွယ်သည်ဆိုရာတွင် ရွာစောင့်နတ်၊ အိမ်စောင့်နတ် စသည် တို့ကိုပူဇော်ပသ ခြင်းရှိသော်လည်း အထူးသဖြင့် ဘိုးဘေးတို့၏ဝိညာဉ် များကို ပူဇော်ပသခြင်းဖြစ်ပါသည်။ မည်သည့်ပွဲ ကျင်းပသည်ဖြစ်စေ ဦးစွာဘိုးဘေး တို့အားပူဇော်ပသပြီးမှ ကျန်သည့်ဆောင်ရွက်ရန် ရှိသည်များကို ဆောင်ရွက်ကြ ခြင်းဖြစ်ပါသည်။ အာခါတိုင်းရင်းသားလူမျိုးများ ဆင်းသက်လာပုံနှင့် အာခါတိုင်းရင်းသားလူမျိုးတို့၏ ကိုးကွယ်ယုံကြည်မှုနှင့် ပတ်သက်ပြီး အာခါတိုင်းရင်းသား လူမျိုးတို့၏ စိတ်ဝင်စားဖွယ်ရာ ရိုးရာယဉ်ကျေးမှုဓလေ့ ထုံးတမ်းများ လေ့လာမှတ်သားခဲ့ရပါသည်။ အာခါ တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံများမှာ ယခုထက်တိုင်

ကျင့်သုံးလိုက်နာဆဲဖြစ်ပြီး၊ အခြားသော တိုင်းရင်းသား များနှင့် ရောနှောနေထိုင်ခြင်းမရှိဘဲ ၎င်းတို့လူမျိုးများသာ သီးသန့်နေထိုင်သောရွာများ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် များစွာကျန်ရှိ နေပါသေးသည်။



## အာခါတိုင်းရင်းသားတို့၏ရိုးရာမပျက်ဘိုးဘေးများပူဇော်သည့်ပွဲပုံ

အိမ်ထောင်စု(၁၀)စုခန့်ဖြင့်လည်း ရွာတည်ထောင်နေထိုင်ကြသဖြင့်လည်းကောင်း၊ ခလေ့ထုံးစံများအပေါ်တွင် အယူသီးမှုများကြောင့်လည်းကောင်း တိုးတက်မှုနောက်ကျသော အာခါရွာများစွာ ကျန်ရှိနေသေးပါကြောင်း လေ့လာတင်ပြအပ်ပါသည်။

# မှီငြမ်းကိုးကားချက်များ

(၁) လီဆူလူမျိုးသမိုင်းစာအုပ်မှကောက်နှုတ်ဖော်ပြသည်။

(၂) သမိုင်းဝင်စာတမ်းများ၊ ကယားပြည်နယ်(ဒုတိယတွဲ)မှ ကိုးကားဖော်ပြသည်။

(၃) ရိုးရာပွဲတော်များ စာတမ်းငယ်၊ Internet မှ ကိုးကား ဖော်ပြသည်။

(၄) ချင်းတိုင်းရင်းသားယဉ်ကျေးမှုရိုးရာ ဓလေ့ထုံးစံများ စာအုပ်မှ ကောက်နှုတ်ဖော်ပြသည်။

(၅) ဒေါက်တာဘေးရိုနာ(ဥက္ကဋ္ဌ)၊ မရာစာပေနှင့်ယဉ်ကျေးမှု အသင်းမှ ပေးပို့သည်။

(၆) မာဃဒေဝလင်္ကာကျမ်း၊ ကဝိမျက်မှန်သတ်ပုံကျမ်း၊ ပြည်ထောင်စုအကပဒေသာ(ယဉ်ကျေးမှုဌာန)၊ ဆရာဇော်၏ အိုးနှောန်ဝေမှ ကောက်နှုတ်ဖော်ပြသည်။

(၇) မင်းမြင့်ဖေ(ဒု-ဦးစီးမှူး)၊ မွန်ပြည်နယ်ညွှန်ကြားရေးမှူးရုံး မှ ရေးသားပေးပို့သည်။

(၈) မောင်ဆန္ဒ(လယ်ဝေး) ရေးသားသည့် ကမန်မျိုးနွယ်စု သမိုင်းစာအုပ်မှ ကောက်နုတ်ဖော်ပြသည်။

(၉) - ဝင်အားလယ်(ခါတု)။ အမေရိကန်စာရေး စာရာကိုလန်ဖိစ်။ တရုတ်ပညာရှင် မစ္စတာယန်ကျုံးမင်။ ဦးလောယွမ်နှင့် လျိုစုမင်တို့၏ သုတေသနလေ့လာတွေ့ ရှိချက်။ ဝင်ဂျန်းစီး၏ အာခါလူမျိုးတို့၏ ထွက်မြောက်ရာ စာအုပ်။ ဒေါ်သီတာအောင် (ဦးစီးအရာရှိ၊ ရှေးဟောင်း သုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန၊ ကျိုင်းတုံဌာနစု၊ ကျိုင်းတုံမြို့) ၂၀၁၂ခုနှစ်တွင် ပြုစုတင်ပြထားသော အာခါတိုင်းရင်းသားတို့၏ ဓလေ့ ထုံးစံများ။

- Myanmar Digital New